ဆက်စပ်သက်ရောက်မှုနှင့် စီမံကိန်းအဆင့်သက်ရောက်မှုများ

# ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများ



## အပိုင်း (၅.၇)

# ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများ

**ဤကဏ္ဍတွင် အောက်ပါတို့ ပါဝင်ပါသည်။**

(က) အမျိုးသားအဆင့်နောက်ခံအခြေအနေ
- ဥပဒေနှင့် မူဝါဒမူဘောင်

(ခ) ကွင်းဆင်းလေ့လာချက်မှ တွေ့ရှိချက်များ
- ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များ
- လေထုညစ်ညမ်းမှု
- ရေ နှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု
- မြေ ဆုတ်ယုတ်ပျက်စီးခြင်း
- အသံနှင့် တုန်ခါမှု
- သစ်တောရင်းမြစ်များ ဆုတ်ယုတ်ပျက်စီးခြင်းနှင့် လျော့နည်းလာခြင်း
- လုပ်ငန်းခွင်ပြန်လည်ထူထောင်ခြင်းနှင့် သတ္တုတွင်းပိတ်သိမ်းခြင်း

(ဂ) ဆက်စပ်သည့် နိုင်ငံတကာစံချိန်စံညွှန်းများ၊ လမ်းညွှန်ချက်များနှင့်ဖော်ဆောင်ရေးများ

## (က) အမျိုးသားအဆင့်နောက်ခံအခြေအနေ

အမျိုးသားအဆင့်၌ အရေးကြီးသော ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများတွင် လေထုညစ်ညမ်းခြင်း၊ ရေမလုံလောက်မှုနှင့် ဓာတ်ပြုပျက်စီးခြင်း မြေဆုတ်ယုတ်ပျက်စီးခြင်း၊စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် သစ်တောရင်းမြစ်များ ဆုတ်ယုတ်ပျက်စီးခြင်းနှင့် လျော့နည်းလာခြင်းတို့ပါဝင်သည်။ နိုင်ငံတစ်ဝှမ်းမှ သတ္တုတွင်းလုပ်ငန်းခွင်များနှင့် ၎င်းတို့ အနီးတစ်ဝိုက်အား MCRB၏ကွင်းဆင်းလေ့လာမှုများက မျက်မြင်တွေ့ရှိခဲ့သော သတ္တုတွင်းလုပ်ငန်းနှင့် ဆက်စပ်သည့်ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာစိန်ခေါ်မှုများတွင် အထက်ဖော်ပြပါ အချက်များထင်ဟပ်နေသည်။

## ဥပဒေနှင့်မူဝါဒမူဘောင်

တည်ဆဲ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုအတွက် မူဘောင်ကို အခန်း(၃) တွင် အသေးစိတ်ရှင်းလင်း ဖော်ပြထားသည်။ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှုအတွက် ယင်းမူဘောင်မှာ ခက်ခဲရှုပ်ထွေးပြီး အချို့အချက်များ ထပ်နေကာ လစ်ဟာမှုများလည်း ရှိနေလေသည်။ EIA နှင့် EMP ပြဌာန်းချက်များကို စတင်ခဲ့သော ၂၀၁၂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ အပိုဒ် ၇၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကဲ့သို့သော ECL အရချမှတ်ထားသော အခြားဥပဒေများနှင့် ညွှန်ကြားချက်များ၊ အစဉ်အလာအရ တစ်သီးတစ်ခြားစီရှိခဲ့သောဥပဒေများကို ချိတ်ဆက်ထားသည်။ဥပဒေများနှင့် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှု နှင့်ဆက်စပ်နေသော ဥပဒေများမှ အဆိုပါမူဘောင်ဖြစ်ပေါ်လာသည်။ အခန်း(၃)တွင် မပါဝင်သော ထပ်ဆောင်းဥပဒေများ၏ အသေးစိတ်ကို အောက်တွင်ဖော်ပြထားသည်။ ဆက်စပ်သည့်ဥပဒေများ အပြည့်အစုံပါဝင်သော စာရင်းတစ်ခုကို Online Appendix တွင် ဖော်ပြထားသည်။ MCRB မှ SWIA ဖြည့်စွက်မှုတစ်ခုအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် သတ္တုတွင်းလုပ်ငန်းကဏ္ဍ အနှစ်ချုပ်မှတ်စုကို ၂၀၁၈ နှစ်တွင် ပုံနှိပ်ထုတ်ဝေမည်ဖြစ်ပါသည်။

## စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု

၂၀၁၂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (အပိုဒ် ၁၃(ဂ)) က အမျိုးသား ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ လမ်းညွှန်ချက်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအား ဓာတ်သတ္တုရှာဖွေခြင်း၊ ထုတ်လုပ်ခြင်းနှင့်သန့်စင်ခြင်းတို့မှ ထုတ်လွှတ်သော စွန့်ပစ်ပစ္စည်းစွန့်ပစ်မှုကို အပြည့်အဝစောင့်ကြပ် စစ်ဆေးခြင်း တာဝန်ပေးအပ်ထားပါသည်။ ယင်းဥပဒေအရ ကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို စောင့်ကြပ်ကြည့်ရှုခြင်း၊ ထိန်းချုပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လျှော့ချခြင်းနှင့်တိုက်ဖျက်ခြင်းတို့ပြုလုပ်နိုင်စေရန် လုပ်ငန်းခွင်သုံးတိုင်းတာရေး ကိရိယာများတပ်ဆင်ရန် သို့မဟုတ် အသုံးပြုရန်လိုအပ်ကာ ပတ်ဝန်းကျင်ညစ်ညမ်းစေသောပစ္စည်းများအား ၂၀၁၅ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက် (အပိုဒ် ၁၄ နှင့် ၁၅) နှင့် လျော်ညီစွာ စွန့်ပစ်ရန် မျှော်မှန်းထားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်၏ သန့်စင်မှုနှင့် ကြိုတင်ကာကွယ်မှုများတွင် စွန့်ပစ်ပစ္စည်း သိမ်းဆည်းရန် အခြေခံအဆောက်အအုံ၊ အခြားစက်ကိရိယာများ ပိုမိုထိရောက်စွာ မောင်းနှင်အသုံးပြုနိုင်စေခြင်း၊ ညစ်ညမ်းမှုအဆင့်များ ညွှန်ပြခြင်းနှင့်မှတ်တမ်းတင်ခြင်း၊ အဆင့်များပုံမှန်ထက်ကျော်လွန်ပါက သတိပေးချက်များ ထုတ်ပြန်ခြင်းနှင့် အခြားအချက်များပါဝင်သည်။ သို့သော် ဤဖြေရှင်းချက်များသည် လက်တွေ့တွင်မဖြစ်နိုင်ပါက ပတ်ဝန်းကျင်အားမထိခိုက်သည့် နည်းလမ်းများနှင့်အညီ ညစ်ညမ်းပစ္စည်းများအား စွန့်ပစ်ထားရှိရာနေရာများ ဖန်တီးလျက် စွန့်ပစ်ရမည်။ သို့သော် ၎င်းနည်းလမ်းများအား တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုမထားသော်လည်း ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်နှိုင်းစာလျှင် မတင်းကြပ်ဟု နားလည်နိုင်သည်။

## ပြဒါးနှင့်ဆိုင်ယာနိုဒ်အပါအဝင် ဓာတုဗေဒပစ္စည်းများ

၁၉၁၉ အဆိပ်များ အက်ဥပဒေအရ ပြည်ထောင်စု၏သမ္မတက သတ်မှတ်ထားသည့် မည်သည့်အဆိပ်မျိုးကိုမဆို လက်ဝယ်ထားရှိမှုနှင့် ရောင်းချမှုဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခွင့်အာဏာကို ခွင့်ပြုထားသည်။[442] ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (အပိုဒ် ၃၀) အရ ဝန်ကြီးဌာနက တားမြစ်ထားသော ပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်သည့် ပစ္စည်းတစ်ခုခုအား ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း သို့မဟုတ် ရောင်းဝယ်ခြင်းပြုလုပ်ရန် ဝန်ကြီးဌာန၏ခွင့်ပြုချက် လိုအပ်ပါသည်။ မြန်မာနိုင်ငံသည် ပြဒါးနှင့်ပတ်သက်သော Minamata Convention ကို လက်မှတ်မထိုးရသေးပေ။ လက်ရှိကာလတွင် မြန်မာနိုင်ငံမှ မည်သည့်ကုမ္ပဏီမျှ အပြည်ပြည်ဆိုင်ရာ ဆိုင်ယာနိုဒ်စီမံခန့်ခွဲမှုကျင့်ဝတ် (လေးထောင့်ဇယားကွက် ၂၆) ၏ အစိတ်အပိုင်းတစ်ရပ် မဟုတ်ကြပါ။

**လေးထောင့်ဇယားကွက် ၂၆။ ပြဒါး၊ ဆိုင်ယာနိုဒ်တို့နှင့်ပတ်သက်သော အပြည်ပြည်ဆိုင်ရာ မူဘောင်များ**

**Minamata ကွန်ဗန်းရှင်း**

၂၀၁၃ ခုနှစ်တွင် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) ၏ ဦးဆောင်မှုဖြင့် ပြဒါးနှင့်ပတ်သက်သော Minamata ကွန်ဗန်းရှင်းကိုချမှတ်ခဲ့ကာ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် အသက်ဝင်ခဲ့သည်။ ဥပဒေအရ တာဝန်ခံစေသောပြဌာန်းချက်သည် လူသားကြောင့်ဖြစ်ရသော ထုတ်လွှတ်မှုများနှင့် ပြဒါးထုတ်လွှတ်မှုကြောင့် (ကမ္ဘာ့ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ကျန်းမာရေးအန္တရာယ်များ)ကို တားဆီးကာကွယ်ရန်ရည်ရွယ်သည်။ အဖွဲ့ဝင်များဖြစ်လာကြခြင်းဖြင့် အစိုးရများသည် အသေးစားနှင့်လက်လုပ်လက်စားဓာတ်သတ္တုတူးဖော် ထုတ်လုပ်သူများက အသုံးပြုသော ပြဒါးပမာဏကိုလျှော့ချရန်အလို့ငှာ မဟာဗျူဟာများချမှတ်ရန် သဘောတူညီကြ၍ ပြဒါးအသုံးပြုမှုနှင့်ပတ်သက်သော လုပ်ဆောင်မှုများကို သုတေသနလုပ်ငန်းများနှင့် စောင့်ကြပ်စစ်ဆေးမှုတို့ကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရမည်။လက်ရှိတွင် ကွန်ဗန်းရှင်းအား ၁၂၈ နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားပြီး

442 1919 Poisons Act, Article 2

၇၄ နိုင်ငံမှာ အတပြည့်ပြု လက်မှတ်ရေးထိုးထားသည်။ မြန်မာနိုင်ငံမှာမူ လက်မှတ်ရေးထိုးခြင်း မရှိသေးပေ။

**အပြည်ပြည်ဆိုင်ရာ ဆိုင်ယာနိုဒ်စီမံခန့်ခွဲမှုကျင့်ဝတ်**

အပြည်ပြည်ဆိုင်ရာ ဆိုင်ယာနိုဒ်စီမံခန့်ခွဲမှု ကျင့်ဝတ်သည်အထူးသဖြင့် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်ဆိုင်ယာနိုဒ်အသုံးပြုနှင့်ပတ်သက်သည်။ ဤကျင့်ဝတ်ကို Multi-Stakeholder Sterring Committee မှ UNEP နှင့် ယခင်ဓာတ်သတ္တုနှင့် ပတ်ဝန်းကျင်ကောင်စီတို့ ဦးဆောင်မှုဖြင့် ဖော်ဆောင်ခဲ့သည်။ ၎င်းသည် ရွှေတူးဖော်ထုတ်လုပ်မှုလုပ်ငန်းအတွက် ဆန္ဒအလျောက်လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီး တည်ဆဲစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို အကောင်အထည်ဖော်ရန်ရည်ရွယ်သည်။ ကျင့်ဝတ်ကိုလိုက်နာသည့်ကုမ္ပဏီများသည် ဆိုင်ယာနိုဒ်အသုံးပြုမှုတွင် ၎င်း၏မူများနှင့်စံနှုန်းများကို လိုက်နာရန် ကတိကဝတ်ပြုကြ၍ သတ်မှတ်ချက်နှင့်ကိုက်ညီသောလုပ်ငန်းများကို အသိအမှတ်ပြုကာ ၎င်း၏အမှတ်တံဆိပ်သင်္ကေတအား တရားဝင်အသုံးပြုခွင့်ပေးသည်။ လက်ရှိအချိန်၌ မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်နေကြသော မည်သည့်ကုမ္ပဏီမျှ ဤဆောင်ရွက်ချက်၏ အစိတ်အပိုင်းမဟုတ်ကြပါ။

## *ယမ်းဘီလူးနှင့်ဖောက်ခွဲမှုစည်းမျဉ်းစည်းကမ်းများ*

ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် ယမ်းဖောက်ခွဲမှုကို အိန္ဒိယအက်ဥပဒေ၏အစိတ်အပိုင်းဖြစ်သော ၁၉၀၈ ခုနှစ် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေဖြင့် စည်းကမ်းသတ်မှတ်ပြီး ၂၀၁၁ ခုနှစ် ဥပဒေပြင်ဆင်ချက်များနှင့်၎င်း အဆိုပြုထားသော သတ္တုတူးတွင်းနည်းဥပဒေများ၏ နည်းဥပဒေအပိုဒ် ၁၈၁ (၎င်းနှင့်လုံး၀ နီးပါးထပ်တူကျသည့် ယခင် ၁၉၉၆ နည်းဥပဒေများ၏ အပိုဒ် ၁၀၅)နှင့်လည်းကောင်း ပြန်လည်ပြင်ဆင်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာန (MOD) က သတ္တုတွင်းလုပ်ငန်းခွင်များတွင် ယမ်းမှုန့်များသိုလှောင်မှုနှင့် အသုံးပြုမှုကိုစည်းကမ်းသတ်မှတ်သည်။ ကာကွယ်ရေးဝန်ကြီးဌာန သို့မဟုတ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SOE) တစ်ခုခုမှ ခွင့်ပြုမိန့်စာရွက်မပါရှိလျှင် သတ္တုတွင်း သို့မဟုတ် ကျောက်ထုတ်လုပ်သောလုပ်ငန်းတွင် ယမ်းဘီလူးအသုံးပြုမှုကို ခွင့်မပြုပါ။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ကာကွယ်ရေးဝန်ကြီးဌာနသို့ ခွင့်ပြုအချက်အတွက်ပေးရပါသည်။ ခွင့်ပြုချက်အတွက် အတည်ပြုလျှင် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ အနီးအနားမြို့နယ်ရှိ တပ်မတော် သိုလှောင်ရေးဌာနမှ ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူနိုင်ခွင့်အတွက် ခွင့်ပြုမိန့်တစ်စောင်အား ကုမ္ပဏီသို့ ထုတ်ပြန်ပေးရသည်။ ဖောက်ခွဲရေးပစ္စည်းများအား တပ်မတော်မှသတ္တုတွင်းရှိ ကုမ္ပဏီ၏ သိုလှောင်ရေးဌာနသို့သယ်ယူစဉ် တပ်မတော်အမှုထမ်းများနှင့်ယာဉ်များက လုံခြုံရေးတာဝန်ယူကြရသည်။

သတ္တုတွင်းနည်းဥပဒေ ၁၈၁(က) အရ ပေါက် ကွဲတတ်သော ပစ္စည်းများကို ကာကွယ်ရေးဝန်ကြီးဌာန၊ ယမ်း တိုက်မြေနေရာရွေးချယ်ရေးအဖွဲ့၏ အကြံပြုချက်များနှင့်အညီ တည်ဆောက်ထားသော ယမ်းတိုက်အတွင်း၌ သာထားရှိရမည်။ ကုမ္ပဏီများသည် ပေါက်ကွဲတတ်သော ပစ္စည်းများအသုံးပြုမှု လစဉ်မှတ်တမ်းကို အမှတ်(၂) သတ္တုတွင်းလုပ်ငန်း သို့မဟုတ် အခြားသက်ဆိုင်ရာ အာဏာပိုင် သို့မဟုတ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးများ (SOE) သို့တင်သွင်းရမည်။ သတ္တုတွင်းနည်းဥပဒေ ၁၈၁ သည် သတ္တုတွင်းခွင့်ပြုမိန့်ရရှိထားသူတိုင်းအား မည်သည့်မြေအောက်ဖောက်ခွဲမှုအတွက်မဆို အနီးအနားရှိပြည်သူများအား ကြိုတင်သတိပေးမှု ပြုလုပ်စေသည်။ ၎င်းတွင် ယမ်းဖောက်ခွဲမှုပြုလုပ်တော့မည့် နေရာသို့ ဝင်ရောက်လာနိုင်သည့် ဝင်ပေါက်များတွင် အစောင့်ချထားရန် ပြဌာန်းချက်လည်းပါဝင်သည်။

## ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှုမှ ရေအသုံးပြုမှု စည်းမျဉ်းစည်းကမ်း

လူဦးရေတိုးတက်မှု၊ ကျေးလက်ဒေသများ မြို့ပြဖြစ်လာခြင်းနှင့်စက်မှုလုပ်ငန်းမှ အသုံးပြုမှုတို့ကြောင့် ရေလိုအပ်ချက် အလျင်အမြန်မြင့်တက်လာမှုသည် မြန်မာနိုင်ငံရှိ ရေဖူလုံမှုကို ပြင်းထန်သောစိန်ခေါ်မှုများဖြစ် ပေါ်စေသည်။[443] ရေအရင်းအမြစ်ပြဿနာများကို ဟန်ချက်ညီညီထိန်းချုပ်နိုင်မည့် အမျိုးသားအဆင့်နည်းလမ်းတစ်ရပ်ရရှိစေရန် ၂၀၁၃ ခုနှစ်တွင် မြန်မာအမျိုးသားအဆင့်ရေအရင်း အမြစ်ကော်မတီကိုတည်ထောင်ခဲ့သည်။[444] ၂၀၁၄ ခုနှစ်တွင် EU Water Framework Directives ကို ပုံစံပြု၍ National Water Framework Directive ဟု ခေါင်းစဉ်တပ်ကာ မူဘောင်တစ်ရပ်ကို ကော်မတီကချမှတ်ခဲ့သည်။ Myanmar National water Framework Directive တွင် ရေရှည်အကျိုးဖြစ်ထွန်းနိုင်သော မြစ်ဝှမ်းလွင်ပြင်စီမံခန့်ခွဲမှု ၊ရေထုများ၏ ဂေဟစနစ်အခြေအနေ၊ ပါဝင်ပတ်သက်သူများပူးပေါင်းပါဝင်မှု မူဝါဒများတို့ပါဝင်ကြသည်။[445] ယင်းက အပြည်ပြည်ဆိုင်ရာရေအရင်းအမြစ်များ စီမံခန့်ခွဲမှု မူဝါဒများကိုအခြေခံ၍ မြန်မာနိုင်ငံအား ၂၀၂၀ ခုနှစ် နောက်ဆုံးထား၍ ရေပြည့်စုံလုံလောက်သောနိုင်ငံ တစ်နိုင်ငံ ဖြစ်လာစေရန် ရည်မှန်းချက်ထားရှိသည်။[446]

အဆိုပြုထားသော ၂၀၁၈ မြန်မာ့သတ္တုတွင်းနည်းဥပဒေများမှ နည်းဥပဒေ ၁၅၃ သည် ခွင့်ပြုမိန့်ရရှိသူများအား ဒေသခံပြည်သူများ၏ ရရှိမြဲဖြစ်သည့်ရေကို ယုတ်လျော့ဆုံးပါးမှုမဖြစ်စေရန် ကြိုတင်ကာကွယ်မှုများပြုလုပ်ရမည် ဟူသောတာဝန်တစ်ရပ်ကို လည်းချမှတ်ထားသည်။[447] ခွင့်ပြုမိန့်ရရှိသူများသည် အများပြည်သူအသုံးပြုသည့် ရေအရင်းအမြစ်တစ်ခုခုကို သုံးစွဲရန်ခွင့်ပြုမိန့်အား သတ္တုတွင်းဦးစီးဌာန သို့မဟုတ် နိုင်ငံတော်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ ရယူရန်လိုအပ်သည်။ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့စည်းထံမှ ကြိုတင်ခွင့်ပြုချက် မရယူဘဲ ၎င်းတို့သည် မည်သည့်ရေစီးကြောင်းကိုမျှမပြောင်းလဲရ (အောက်တွင်ဖော်ပြထားသည်များကို ကြည့်ပါ)။ ခွင့်ပြုမိန့်ရရှိသူကဓာတ်သတ္တုထုတ်လုပ်မှုအတွက် အများပြည်သူနှင့် သက်ဆိုင်သောရေကို သုံးစွဲရန်လိုအပ်သောအခါ သတ္တုတွင်းဦးစီးဌာနမှ ယင်းကို သီးခြားလျှောက်ထားမှုလုပ်ငန်းစဉ်တစ်ရပ်ဖြင့် အတည်ပြုရန်လိုအပ်၍ လျှောက်ထားသူသည်နေ့စဉ်နှင့် နှစ်စဉ်လိုအပ်သော အများပြည်သူနှင့်သက်ဆိုင်သောရေ ပမာဏကိုဖော်ပြရမည်။[448] ၁၉၉၆ သတ္တုတွင်းနည်းဥပဒေများ သို့မဟုတ် ၂၀၁၈ ခုနှစ် ပြင်ဆင် မွမ်းမံမှုများတွင် အများပြည်သူနှင့်သက်ဆိုင်သောရေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် မပါဝင်ခဲ့ပါ။ ထို့အပြင် ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်ပါဝင်သော အခြားဥပဒေများကိုလည်း ရည်ညွှန်းထားခြင်း မရှိပါ။

နည်းဥပဒေ ၁၅၄(က) (၁၉၉၆ နည်းဥပဒေ ၇၃(က) အတိုင်းမပြောင်းလဲသော) သည် သတ္တုတွင်းလိုင်စင် ရရှိသူများအား ခွင့်ပြုမိန့်ပါဧရိယာအတွင်းရှိ အများပြည်သူနှင့်မသက်ဆိုင်သော ရေကိုအခမဲ့ ထုတ်ယူသုံးစွဲ ခွင့်ပြုထားသည်။ ၎င်းက ခွင့်ပြုမိန့်ရရှိသူများအား ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်(နည်းဥပဒေ ၁၅၄(ခ))နှင့် မြေပေါ်ရေ၊ မြေအောက်ရေအရည်အသွေးထိန်းသိမ်းရန် သတ်မှတ်ပြဌာန်းထားသည်။

MCRB ကွင်းဆင်းလေ့လာမှုနှင့် ဥပဒေနှင့်မူဝါဒများအား လေ့လာမှုတို့တွင် သတ္တုတွင်းဦးစီးဌာနေအနေဖြင့် သတ္တုတူးဖော်ရေးကုမ္ပဏီများမှ အများပြည်သူနှင့်သက်ဆိုင်သောရေကို အသုံးပြုရန် တောင်းဆိုမှုအား ခွင့်မပြုမီ ကြိုတင်၍ ရေနှင့်သက်ဆိုင်သောလေ့လာမှုများ ပြုလုပ်ရန်လိုအပ်၍ သုံးသပ်မည် ဟူသောအချက်မှာ ရှင်းရှင်းလင်းလင်း မသိရချေ။ ယင်းကဲ့သို့သော လေ့လာမှုများမပြုလုပ်ဘဲ မည်သည့်အခြေခံစနစ်ကိုအသုံးပြု၍ ခွင့်ပြုချက်များပေးအပ်ကြောင်း မရှင်းလင်းပေ။ စီမံကိန်းကြီးများမှ ရေထုတ်ယူသည့်ပမာဏ သည် ရပ်ရွာအသိုင်းအဝိုင်းများ၏ ရေရယူသုံးစွဲခွင့်အပေါ် သို့မဟုတ် ရေစုန်ပိုင်းရေသုံးစွဲသူတို့၏ သုံးစွဲမှုအကျိုးဆက်အပေါ် သက်ရောက်နိုင်မည်ဖြစ်သလို ၎င်းအား သက်

443 FAO - မြန်မာနိုင်ငံ အမျိုးသားရေ မူဝါဒကို ဆန်းစစ်ခြင်း။

444 ရေအတွက် ဖြေရှင်းချက် - မြန်မာနိုင်ငံ - အမျိုးသားရေမူဘောင် လမ်းညွှန်ချက် အစမ်းမိတ်ဆက်ခြင်း- ၂၀၁၆။

445 Ibid, p.1

446 Ibid, p.22

447 ၁၉၉၆ နည်းဥပဒေမှ နည်းဥပဒေ ၇၂။

448 ၁၉၉၆ သတ္တုတွင်းနည်းဥပဒေ ၇၁ (က)နှင့်(ခ)။

ဆိုင်ရာအာဏာပိုင်များက စေ့စေ့စပ်စပ်တွက် ဆမှုပြုလုပ်ပုံမရပေ။ ၎င်းထိခိုက်မှုများအား ထိရောက်သော IEE / EIA လုပ်ငန်းစဉ်တစ်ခုဖြင့် အကဲဖြတ်သင့်သည်။

## ရေစီးကြောင်းများ၊ ရေစီးကြောင်းနှင့်နီးသောနေရာများတွင် ဓာတ်သတ္တုတူးဖော်ခြင်း

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ[449] ၂၀၀၆ က ပို့ဆောင်ရေးဝန်ကြီး ဌာန၏ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဓာတ်သတ္တုတူးဖော်မှုကြောင့် မြစ်များနှင့်ချောင်းများ ဆိုးရွားစွာထိခိုက်နိုင်မှုရှိမရှိ ပြန်လည်သုံးသပ်ရန်နှင့် သက်ဆိုင်ရာအစိုးရဦးစီးဌာနများသို့ အကြံပြု တိုက်တွန်းချက်များထုတ်ပြန်ရန် အခွင့်အာဏာပေးအပ်သည် (အပိုဒ် ၅ (ဆ))။ သဲသောင်များ သို့မဟုတ် ရေလမ်းကြောင်းများမှ သို့မဟုတ် မြစ်ချောင်း သို့မဟုတ် ရေလမ်းကြောင်းများ၏ အခြားတားမြစ်ထားသောနေရာများ၌ သဲစုပ်ခြင်း၊ မြစ်ကြမ်းပြင်မှသဲဆယ်ယူခြင်း၊ မြစ်ကျောက်စရစ်ခဲများစုပ်ယူခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုမြစ်ကြမ်းပြင်မှဆယ်ယူခြင်း သို့မဟုတ် သဘာဝသယံဇာတများထုတ်လုပ်ခြင်းများအား တားမြစ်သည်။ (အပိုဒ် ၁၄) ဖော်ပြပါလုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်လိုသည့် မည်သူမဆို ဦးစီးဌာနမှခွင့်ပြုချက်ရယူရမည် (အပိုဒ် ၁၃)။ အပိုဒ် ၁၃ နှင့် အပိုဒ် ၁၄ တို့ကိုလိုက်နာရန်ပျက်ကွက်ပါက ထိုသူအား ၂ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ၃၀၀,၀၀၀ ကျပ် မှ အများဆုံး ၇၀၀,၀၀၀ ကျပ်အထိ အပြစ်ပေးခံရနိုင်သည်။ (အပိုဒ် ၂၆,၂၀၁၇ ပြင်ဆင် ချက်အရ)။

အဆိုပြုထားသည့် ၂၀၁၈ ခုနှစ် သတ္တုတွင်းနည်းဥပဒေများတွင် ဆည်မြောင်းများ၊ ရေကန်များ၊ ရေကာတာများ သို့မဟုတ် အခြားသော ရေသိုလှောင်ရန် မြေနေရာများ တည်နေရာ၌ သို့မဟုတ် မီတာ ၂၀၀ အကွာအဝေးအတွင်းတွင် မြေအသုံးပြုမှုနှင့်စပ်လျဉ်းသော စည်းကမ်းချက်များပါဝင်သည်။ နည်းဥပဒေ ၁၅၁ (ခ) (၃) အရ အဆိုပါမြေသည် အများပြည်သူပိုင်မြေဖြစ်လျှင် သက်ဆိုင်ရာအာဏာပိုင်ထံမှသော်လည်းကောင်း အဆိုပါမြေသည် ပုဂ္ဂလိကပိုင်မြေဖြစ်လျှင် မြေပိုင်ရှင်ထံမှသော်လည်းကောင်း ခွင့်ပြုမှုအား သတ္တုတူးဖော်ထုတ်လုပ် ခွင့်ရရှိသူက ရယူရမည်။[450]

သစ်တောမြေ သို့မဟုတ် ရေချိုးငါးလုပ်ငန်း လုပ်ကိုင်နေသည့်မြေ သို့မဟုတ် ထိုသို့မပြုလုပ်သေးသော်လည်း ဥပဒေအရ လျာထားထားသည့်မြေများအတွက် သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်လိုအပ်သည်။

## ဘေးအန္တရာယ်အတွက် ပြင်ဆင်ထားရှိမှု

ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ် ကိစ္စရပ် (သဘာဝကြောင့်ဖြစ်စေ လူကြောင့်ဖြစ်စေ) တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ (အပိုဒ် ၃၇) က ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်ကြေညာချက်ကြောင့် ငွေကြေးကုန်ကျရသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကိုသော်လည်းကောင်း အဖွဲ့အစည်းများကိုသော်လည်းကောင်း ၎င်းအကုန်အကျများကို အမျိုးသားပတ်ဝန်းကျင်စီမံခန့်ခွဲမှု ရန်ပုံငွေတစ်ရပ်မှ ပြန်လည်တောင်းခံခွင့်ရရှိရန် ပြဋ္ဌာန်းထားသည်။ ၎င်းရန်ပုံငွေမှာမူ ထူထောင်ရခြင်း မရှိသေးပေ။ ပတ်ဝန်းကျင်ဘေးအန္တရာယ်ဖြစ်ပွားသော်လည်း အစိုးရအဖွဲ့စည်းတစ်ရပ်ရပ်က တရားဝင်ကြေညာခြင်းမရှိသည့် ဖြစ်ရပ်များတွင် လျော်ကြေးငွေရရှိရန် ခံစားခွင့်လျှော့ကျထားနိုင်လိမ့်မည်ဆိုသည်ကိုမူ ဥပဒေအသုံးအနှုန်းများက ရှင်းလင်းစွာဖော်ပြထားခြင်းမရှိပါ။ အဆိုပြုထားသော ၂၀၁၈ ခုနှစ် သတ္တုတွင်းနည်းဥပဒေများ (နည်းဥပဒေ ၁၇၆ နှင့် ၁၇၇ ) တွင်လည်း ဘေးအန္တရာယ်တားဆီးကာကွယ်မှု ပါဝင်သည်။

449 ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေ - ၈/၂၀၀၆။ ပြင်ဆင်ထားသော ဥပဒေ နံပါတ် ၁၁/၂၀၁၇ ကို ဇူလိုင်လ ၂၀၁၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော်လည်း သင့်လျော်သည့်အပိုင်းကို ပြောင်းလဲခဲ့ခြင်းမရှိပါ။

450 ၁၉၉၆ ခုနှစ် သတ္တုတွင်း နည်းဥပဒေ ၇၀ (ခ) (၄) တွင် ယခင်က မီတာ ၁၀၀။

## (ခ) ကွင်းဆင်းလေ့လာချက်မှ တွေ့ရှိချက်များ

ကွင်းဆင်းလေ့လာရန် ရောက်ရှိခဲ့သောနေရာများတွင် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှုများမှ ဂရုပြုမိဖွယ်ရာ ပတ်ဝန်းကျင်ထိခိုက်မှုများအား တွေ့ရှိခဲ့သည်။ ယင်းကဲ့သို့သော ထိခိုက်မှုများတွင် ဂေဟစနစ်ဝန်ဆောင်မှုများရယူမှုနှင့် ဒေသခံလူထု၏ အသက်မွေးမှုများအတွက် အရေးပါသော အကျိုးဆက်များရှိသည်။ အဓိက တွေ့ရှိချက်များအပေါ် ခြုံငုံသုံးသပ်ချက်ကို အောက်တွင်ဖော်ပြထားပါသည်။

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်။** ပူးပေါင်းပါဝင်ခွင့်။

MCRB သည် ဓာတ်သတ္တုတူးဖော်သော ကုမ္ပဏီများမှ မျှဝေသော EMP အချို့ကို ပြန်လည်ဆန်းစစ်နိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် EIA လုပ်ထုံးလုပ်နည်းမချမှတ်မီတွင် ထို EMP များအားရေးဆွဲခဲ့ကြသည်။ အရွယ်အစားနှင့် ခွင့်ပြုမိန့်တူညီသည့် ဓာတ်သတ္တုအမျိုးအစားတူ ထုတ်လုပ်သည့် စီမံကိန်းများအကြားမှာပင် ကွဲလွဲချက်ရှိသည်။ မတူညီသောလုပ်ငန်းလည်ပတ်သူများဦးဆောင်သည့် အရွယ်အစားတူ စီမံကိန်းများအတွက် EMP များမှာ စာမျက်နှာအရေအတွက် ၂ မျက်နှာမှ စာမျက်နှာ ၈၀ အထိရှိပြီး ၎င်းတွင် ပတ်ဝန်းကျင်၊ အလုပ်သမားနှင့် လူမှုရေးအပေါ်ထိခိုက်မှုများ ပါဝင်သည်။ ထိုအစီအစဉ်များသည် စံပုံစံတစ်ခုသို့မဟုတ် ကဏ္ဍတစ်ခုလုံးလွှမ်းခြုံသော အကြောင်းအစုတစ်ခုအတွက်ပြုလုပ်ထားခြင်းမဟုတ်၍ပြန်လည်သုံးသပ်မှုနှင့် နှိုင်းယှဉ်မှုတို့အတွက် အခက်အခဲများ ဖြစ်ပေါ်စေကြောင်း ရှင်းရှင်းလင်းလင်း သိမြင်နိုင်သည်။

ပြန်လည်သုံးသပ်ပြီးသော အချို့ EMP များမှာ ၎င်းတို့နှင့် အလားတူလိုက်လျောညီထွေရှိသော EIA ကို လွှမ်းခြုံဖော်ပြထားသော ထိခိုက်မှုနယ်ပယ် အပြည့်အစုံအား ဖော်ထုတ်ထားသည်ကိုတွေ့ရသော်လည်း အခြားသော EMP များတွင် ဦးတည်သတ်မှတ်ထားသောနယ်ပယ် အလွန်ပိုမိုကျဉ်းမြောင်းသည်ဟု ယူဆရသည်။ ဥပမာ - သစ်ပင်များစိုက်ခြင်းဖြင့် သတ္တုတွင်းဧရိယာ ပြန်လည်စိမ်းလန်းစိုပြေရေး အထောက်အကူပြုရန် ကုမ္ပဏီ၏မဟာဗျူဟာကို အသေးစိတ်ဖော်ပြခြင်း။ ထိုကဲ့သို့သော EMP များအားပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခွင့်ပြုခဲ့သည်ဆိုသည့်အချက်မှာ မရှင်းလင်းပေ။ သို့သော် ယင်းမှာ ဖြစ်နိုင်ဖွယ်မရှိပါ။ မည်သည့် စီမံကိန်းမှ ECC ထုတ်ပြန်ခဲ့ခြင်းမရှိပါ။

EMP များထဲတွင် ဖော်ပြထားသော၊ လေ့လာရန်အတွက် စီစဉ်ထားသော (သို့) မျှော်မှန်းပြင်ဆင်ထားသော ထိခိုက်မှုများအတွက် ဆောင်ရွက်ထားသော EIA များသည် EIA ဆောင်ရွက်ထားမှုမရှိသည့် လုပ်ဆောင်နေဆဲ သတ္တုလုပ်ငန်းများ၏ EMP များထက် ပိုမိုမြင့်မားသောအရည်အသွေး ရှိကြောင်းတွေ့ရသည်။ သို့သော်လည်း EMP တစ်ခုသည် ၎င်းရေ့ဆက်ဆောင်ရွက်ရမှုများတွင် EIA လုပ်ငန်းစဉ်နှင့် အစီရင်ခံစာကဲ့သို့ အားကောင်းနိုင်မာနိုင်ပေသည်။ ထိခိုက်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်းမပြုလျှင် ၎င်းတို့ကိုထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည်မဟုတ်ပါ။ ပိုမို၍နှံ့နှံ့စပ်စပ်ရှိသော EIA ၏ ဆက်လက်လုပ်ဆောင်သော EMP များသည် ကုမ္ပဏီ၏အစီအစဉ်များ၊ အသံနှင့် အလင်းရောင်သက်ရောက်မှုများနှင့် ပတ်သက်ပြီးဖြေရှင်းရန် အကောင်အထည်ဖော်သည့်စနစ်များ၊ သားရိုင်းတိရစ္ဆာန်၊ သစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်မှုများနှင့် အလုပ်သမားပြဿနာများအကြောင်းနှင့် သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် လုပ်ကိုင်နေစဉ်အတွင်း ပိုမိုများပြားသော သတင်းအချက်အလက်များကို ပေးစွမ်းနိုင်ကြောင်းတွေ့ရသည်။

MCRB မှ ပြန်လည်သုံးသပ်ထားသော EIA များနှင့် EMP နမူနာများကိုအခြေခံ၍ ဖော်ပြရလျှင် အကြီးစားသတ္တုတွင်းများသည် ပိုမိုကောင်းမွန်သော စီစစ်အကဲဖြတ်မှုများနှင့် အစီအမံများပြုလုပ်နိုင်ခြင်းမှာ အံ့အားသင့်စရာတော့မဟုတ်ပါ။ သို့သော် အမျိုးမျိုးသော အစီရင်ခံစာများအားသုံးသပ်လိုက်သောအခါ တိုးတက်မှုအတွက် အရေးပါသောနေရာရှိနေသည်။ ၎င်းတို့အားလုံးအား ကုမ္ပဏီဝက်ဆိုက်တွင်အများသိစေရန် ဖွင့်ဟအသိပေးခြင်း မရှိပေ။ ယခုအခါ ထိုကဲ့သို့ဖော်ပြရခြင်းမှာ တရားဝင်လိုအပ်ချက်တစ်ခု ဖြစ်လာပါသည်။

## လေထုညစ်ညမ်းခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်။** ရုပ်ပိုင်းနှင့်စိတ်ပိုင်းကျန်းမာရေး အမြင့်ဆုံးထိန်းသိမ်းထားနိုင်သော စံနှုန်းရရှိရန်အခွင့်အရေး၊ လုံလောက်သော လူနေမှုအဆင့်အတန်းရရှိရန် အခွင့်အရေး။

- **ထုံးကျောက်နှင့်ရွှေထုတ်ယူခြင်းနှင့် ဆင့်တက်သန့်စင်ခြင်းတို့မှထွက်လာသော လေထုထဲမှ ဖုန်မှုန့်များ။** လူထုပြောဆိုချက်များကို အခြေခံရလျှင် ဖုန်သည် ပြဿနာတစ်ရပ်ဖြစ်ပေါ်စေသည်။ အထူးသဖြင့် စမ်းသပ်တိုင်းတာစဉ်ဖောက်ခွဲမှု၊ ထုံးကျောက်တူးဖော်ခြင်း ၊ဆင့်တက်သန့်စင်ခြင်းနှင့်လမ်းကြောင်းတွင် သယ်ယူပို့ဆောင်ချိန်များအတွင်းတွင် ယင်းပြဿနာဖြစ်ပွားသည်။ကတ္တရာ သို့မဟုတ် ကွန်ကရစ်ခင်းမထားသော လမ်းများသည် ယာဉ်များဖြတ်သန်းမောင်းနှင်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြောင့် ဖြစ်လာသော အနှောင့်အယှက်ဖြစ်စေသောဖုန်မှုန့်များကို လျှော့ချရန် ရေလောင်းခြင်း သို့မဟုတ် ဖုံးအုပ်ထားခြင်း မရှိသည်မှာ ထုံးစံလိုဖြစ်နေသည်။ ရောက်ရှိခဲ့သော ကုမ္ပဏီများတွင် မည်သည့်ကုမ္ပဏီမျှ ဖုန်ထုထပ်မှုအဆင့်ကို တိုင်းတာရန် သို့မဟုတ် စောင့်ကြပ်စစ်ဆေးရန် လုပ်ငန်းစဉ်များရှိနေသည်ကို မတွေ့ရပေ။ ဘိလပ်မြေစက်ရုံတစ်ရုံသည် ဖုန်ထုတ်လွှတ်မှုလျှော့ချရန် ဖုန်စစ်ယူသည့် စက်ပစ္စည်းတစ်ခုတပ်ဆင်ပြီးဖြစ်သည်။ ထိုစက်ကို တစ်လလျှင်တစ်ကြိမ် သန့်စင်သည်ဟု သိရှိရပြီး လူထု၏ပြောကြားချက်အရ ထွက်ရှိသောဖုန်မှုန့်ပမာဏမှာ များပြားသည်။ ကုမ္ပဏီက ယင်းဖုန်မှုန့်များကိုစွန့်ပစ်ရန် နောက်ထပ် လုပ်ဆောင်မှုများမရှိပါ။
- **ထုံးကျောက်ကျင်းများနှင့် ဘိလပ်မြေစက်ရုံများမှ ဖုန်မှုန့်များသည် သီးနှံအထွက်နှုန်းနှင့် အရည်အသွေးကို ကျဆင်းစေသည်။** ဘိလပ်မြေစက်ရုံများအနီးတွင်ရှိကြသော လူမှုအသိုင်းအဝိုင်းများမှ လယ်သမားတို့၏ လယ်များမှာ ဖုန်မှုန့်များဖုံးလွှမ်းသဖြင့် စပါးအထွက်မှာ နှစ်ရာသီ၊ သုံးရာသီခန့် ဆက်တိုက်ကျဆင်းသွားကြောင်း သိရသည်။ အရည်အသွေးညံ့ဖျင်းသောကြောင့် လယ်သမားတို့သည် ဈေးကွက်တွင် သီးနှံများကို ရောင်းချရာတွင် ဈေးအနိမ့်သာ ရရှိကြရသည်။ လူထု၏ သီးနှံအထွက်တိုင်းတာမှုနှင့် အမြင်ကိုအခြေခံရလျှင် ဆန်စပါးနှင့်ရွှေဖရုံအထွက်နှုန်းမကောင်းခြင်းနှင့် ခရမ်းသီးအစေ့များမှာ နောက်ရာသီတွင် အပင်မပေါက်တော့ချေ။ လုပ်ငန်းခွင်အချို့တွင် လယ်သမားများသည် သီးနှံအထွက်နည်းမှုမဖြစ်စေရန် မြေဩဇာသုံးစွဲမှုမြှင့်တင်ခြင်းနှင့် ရေသွင်းရာတွင် ရေကိုပိုမို အသုံးပြုခြင်းတို့အား လုပ်ဆောင်ကြသည်။ ဤသို့မြေဩဇာနှင့် ရေတိုးမြှင့်သုံးစွဲမှုများရှိခြင်းကြောင့် သီးနှံများကိုစားသုံးခြင်းမပြုမီ ရေဖြင့်ကောင်းစွာ မဆေးလျှင် ကျန်းမာရေးအပေါ်ဆိုးဝါးသော ထိခိုက်မှုများ ဖြစ်စေနိုင်ပါသည်။
- **အခိုးအငွေ့များနှင့်အဆိပ်ရှိသောအနံ့များသည် သတ္တုတွင်းလုပ်ငန်းခွင်များအနီးနေထိုင်ကြသော ရပ်ရွာအသိုင်းအဝိုင်းအတွက် စိုးရိမ်ပူပန်မှုဖြစ်စေသည်။** ဘိလပ်မြေထုတ်လုပ်မှုမှ အနံ့မဲ့အခိုးအငွေ့များနှင့် အနံ့ပြင်းသောထုတ်လွှတ်မှုများနှင့် ထုံးကျောက်ကျင်းများမှ ဖောက်ခွဲမှုနှင့်ဆက်စပ်နေသော အဆိပ်ရှိသည့်အခိုးအငွေ့များလုပ်ငန်းခွင်အနီးနေထိုင်သော လူထုအား ပူပန်မှုသို့မဟုတ်စိတ်အနှောက်အယှက်ဖြစ်စေသည်ကို သက်သေများအဖြစ်ပြနိုင်သည်။အကြီးစားရွှေတူးဖော်သည့် လုပ်ငန်းခွင်အနီးမှ ကျေးရွာအချို့တွင် နေထိုင်သူများက တစ်နှစ်ပတ်လုံး အနံ့ဆိုးများရရှိနေကြောင်း အထူးသဖြင့် မိုးအုံ့သောနေ့များတွင်ဖြစ်ကြောင်း ပြောပြခဲ့ကြသည်။ ထိုကဲ့သို့ သတ္တုတွင်းထုတ်လုပ်မှုများမှ အနံ့များသည် တစ်ခါတစ်ရံဆိုးရွားလွန်းသောကြောင့် ကလေးများမအိပ်နိုင်ကြကြောင်း သိရသည်။ ၂၀၁၆ ခုနှစ်က စပါးခင်းများပေါ်သို့ မီးခိုးမှုတ်သဖြင့် ဖြစ်ပွားခဲ့သော ဖြစ်ရပ် ၂ ခုကိုလည်း ဒေသခံများကပြောပြကြသည်။ လယ်ကွင်းများခြောက်သွေ့သွားခြင်းနှင့် လယ်ကွင်းများ အနီရောင်ဖြစ်သွားခြင်းတို့ဖြစ်သည်။ မီးခိုးငွေ့များမှာ အဆိပ်သင့်သည်ဟုယူဆခဲ့ကြသည်ဟုပြောဆိုခဲ့ကြသော လယ်သမားနှစ်ဦးအား ရွှေသန့်စင်စက်ရုံ လည်ပတ်သည့်ကုမ္ပဏီက အလျော်ပေးခဲ့သည်။

## ရေနှင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်။** အန္တရာယ်ကင်းသော သောက်ရေနှင့် ရေဆိုးနုတ်စနစ်ရရှိခွင့်၊ ပြည့်စုံသော လူနေမှုအဆင့် အတန်းတစ်ခုရရှိခွင့်၊ အမြင့်ဆုံးထိန်းသိမ်းထားနိုင်သည့် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အဆင့်အတန်းရရှိခွင့်။

- **ဓာတုစွန့်ပစ်ပစ္စည်းနှင့်စက်မှုလုပ်ငန်းများမှရေဆိုးများသည် မြစ်များနှင့်မြေအောက်ရေတို့အား ဓာတ်ပြုပျက်စီးစေသည်။** အရွယ်အစားအမျိုးမျိုးရှိသော ရွှေတူးဖော်ရေးလုပ်ငန်းတိုင်းသည် မြေအောက်ရေများ၊ အများသုံးရေတွင်းများ၊ မြစ်များ၊ ချောင်းများနှင့်ရေအိုင်များအပါအဝင် ရေအရင်းအမြစ်များအား ဓာတ်ပြုပျက်စီးစေကြောင်း တွေ့ရသည်။ ချောင်းများနှင့်မြစ်များသည် ရွှေလုပ်ငန်းများမှ ပြဒါးနှင့်ဆိုင်ယာနိုဒ်တို့ကြောင့် ညစ်ညမ်းသည်ကို တွေ့ရပြီး၊ တူးဖော်ထုတ်လုပ်မှု ၊သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကြောင့် ပေါ်ပေါက်လာသော ခဲအနည်အနှစ်များသည် လူထု၏ရေအရင်းအမြစ်များကို ဓာတ်ပြုပျက်စီးစေခဲ့သည်ဟု ယူဆရသည်။ တရားဝင်လုပ်ကိုင်နေသော သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် တရားမဝင်နည်းလမ်းဖြင့် လုပ်ကိုင်နေသော နှစ်မျိုးစလုံးသည် ထိုကဲ့သို့သော ရေညစ်ညမ်းမှုကို ဖြစ်စေပါသည်။ လက်လုပ်လက်စား ဓာတ်သတ္တုတူးဖော်သည့် နေရာများတွင် တွင်းများကို မြေအောက်ရေရောက်သည်အထိ တူးဖော်ကြရာ မြေအောက်ရေများသည် သတ္တုတွင်းများထဲသို့ စီးဝင်ကုန်ကြသည်ဟု (ရွာသားများနှင့်/သို့မဟုတ် သတ္တုတူးဖော်သူများက) ပြောပြကြသည်။ ပြဒါးနှင့်ရုံဖန်ရုံခါ အခြားဓာတုပစ္စည်းများကို သတ္တုတွင်းထဲတွင် အသုံးပြုကြ၍ သတ္တုတွင်းမှစီးထွက်ရေများနှင့်ဆေးကြောပစ်သောကြောင့် စွန့်ပစ်မြေစာများသည် မြေအောက်ရေကို ညစ်ညမ်းစေသည်ဟု ယူဆရသည်။ တာဝန်ရှိပုဂ္ဂိုလ်များမှ အများသုံးရေတွင်းအချို့တွင် စမ်းသပ်မှုများပြုလုပ်ခဲ့ရာ ဆိုင်ယာနိုဒ်နှင့်အာဆင်နစ်ကို တွေ့ရှိခဲ့ရပြီး၊ ဖြစ်ရပ်အချို့တွင်ပါဝင်နှုန်းမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)တွင် အမြင့်ဆုံးခွင့်ပြုထားသည့်ပမာဏထက် ပိုလွန်နေသည်။[451] ထိခိုက်ခံရသော လူမှုအသိုင်းအဝိုင်းများ၏ပြောပြချက်များအရ ထိုညစ်ညမ်းမှုများကို သတ်မှတ်အချိန်အတိုင်းအတာအတွင်း ကုစားမှုပေးသည့် နောက်ဆက်တွဲ လုပ်ဆောင်ပေးမှုများကိုတာဝန်ယူမှုရှိစွာ သတ်မှတ်လုပ်ဆောင်သော ကုမ္ပဏီတစ်ခုမှမရှိပါ။ ကုမ္ပဏီတစ်ခု၏ဖြစ်ရပ်တွင် နောက်ဆက်တွဲ လုပ်ဆောင်ပေးမှု လုံးဝမရှိပါ။ အကြီးစား သတ္တုတွင်းလုပ်ငန်းခွင်တစ်ခု၌ သတ္တုဆင့်တက်သန့်စင်မှုမှ ထွက်လာသော ဆိုင်ယာနိုဒ်ပါဝင်သည့် စွန့်ပစ်ရေများသည် စပါးခင်းထဲသို့စီးဆင်းသွားပြီး ကျွဲနွားများအား သံသယဖြစ်ဖွယ် ဆိုင်ယာနိုဒ်အဆိပ်သင့်မှုဖြစ်စေသည်။ အချို့လူမှုအသိုင်း အဝိုင်းများကမူ ၎င်းတို့နေထိုင်သော ကျေးရွာများကိုဖျက်ဆီးရန် ခြိမ်းခြောက်နေသော ထိုညစ်ညမ်းမှုများနှင့်ပတ်သက်ပြီး အချို့ ရပ်ရွာအသိုင်းအဝိုင်းများရှိ လယ်သမားများသည် ၎င်းတို့၏မကျေနပ်ချက်များကို ကုမ္ပဏီသို့ တိုင်ကြားခဲ့ကြသည်။ အချို့ဖြစ်ရပ်များတွင် သောက်ရေများသည် ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်ချက်များကြောင့် ဓာတ်ပြုပျက်စီးကာ ဆိုင်ယာနိုဒ် သို့မဟုတ်အာဆင်းနစ်ပါဝင်နေကြောင်းအစိုးရအာဏာပိုင်များကတွေ့ရှိသည်။ ရေအရင်းအမြစ်ထိခိုက်မှုအတွက် အစားထိုးနည်းလမ်းဖြင့် ဖြေရှင်းပေးခြင်း မရှိပါ။

- **ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများသည် ရေလမ်းကြောင်းများနှင့်နီးကပ်လွန်းသည်။** MCRB ကွင်းဆင်းလေ့လာမှုများအရ ခွင့်ပြုထားသောဓာတ်သတ္တုတူးဖော်မှုလုပ်ငန်းများနှင့် တရားမဝင်ဓာတ်သတ္တုတူးဖော်မှုလုပ်ငန်းများနှစ်မျိုးစလုံးတွင် ရေစီးကြောင်းများ၊ မြစ်ဝှမ်းများ၊ မြစ်များအနီးနှင့်၎င်းတို့၏အတွင်းတွင် တွေ့ရသည်။ ဥပမာ အချို့သောလက်လုပ်လက်စားနှင့် အသေးစားရွှေတူးဖော်ထုတ်လုပ်နေသော နေရာများတွင် ကြီးမားကျယ်ပြန့်သော မြစ်အခြေပြု ရွှေတူးဖော်သည့်လုပ်ငန်းများ လုပ်ဆောင်နေသည်ကို ကွင်းဆင်းသုတေသနမှ ဖော်ထုတ်ခဲ့သည်။ ၁၉၉၆ သို့မဟုတ် ၂၀၁၈ အဆိုပြုသတ္တုတွင်းနည်းဥပဒေများတွင် လုံးဝပိတ်ပင် တားမြစ်ခြင်းမျိုးမရှိပါ။ သို့သော် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၆ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရသည် အနည်းဆုံး မြစ်

451 အချက်အလက်များမရရှိသဖြင့် အာဆင်းနစ်မြင့်မားနေမှုမှာ ကုမ္ပဏီလုပ်ငန်းများ၏ တိုက်ရိုက်အကျိုးဆက်ကြောင့်ဖြစ်ရသည် သို့မဟုတ် ဒေသမြေဆီလွှာ တွင် သဘာဝအလျောက် အာဆင်းနစ်ပါဝင်မှုနှုန်း မြင့်မားမှုသည် အကြောင်းအရင်း၏တစ်စိတ် တစ်ဒေသဖြစ်သည် သို့မဟုတ် ဤသည်ပင် အဓိကအကြောင်းအရင်း ဖြစ်သည် စသည်ဖြင့် MCRB အနေဖြင့် ရတိပြတ်သက် သေမပြနိုင်ပါ။

ကမ်းပါးများနှင့်ချောင်းများမှ ပေ ၁၀၀၀ နှင့် စပါးစိုက်မြေများမှ ပေ ၈၀၀ အကွာအတွင်း သတ္တုတွင်းစီမံကိန်းများ မပြုလုပ်ရန် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။[452] သို့သော် MCRB ၏ ကွင်းဆင်းလေ့လာမှုများအရ ယင်းသတ်မှတ်ချက်များကို မလိုက်နာမှုများအား မြို့နယ် ၃ ခုတွင် ကျယ်ကျယ်ပြန့်ပြန့်တွေ့ရသည်။ ဥပမာအနေနှင့် ဒေသအာဏာပိုင်များသည် ၁၉၉၆ မြန်မာ့သတ္တုတွင်း နည်းဥပဒေကိုချိုးဖောက်၍ ချောင်းနယ်နိမိတ်အတွင်း သတ္တုတူးဖော်ခွင့်ပြုမိန့်ကို ထုတ်ပေးခဲ့သည့် သာဓကများကိုလည်းတွေ့ရသည်။ အခြားနယ်မြေများတွင် မြစ်အခြေပြု သတ္တုတူးဖော်ထုတ်လုပ်မှုကိုတားမြစ်သည့် ဒေသဆိုင်ရာသတိပေးချက်များ၏ သာဓကများရှိသည်။ ရေစီးကြောင်းများအတွင်း သတ္တုတူးဖော်မှုမှာ စည်းမျဉ်းစည်းကမ်းနယ်ပယ်၏ အပြင်ဘက်တွင် တည်ရှိနေပြီး ရေရှည်မခံသော ရေအခြေပြု သတ္တုတူးဖော်ထုတ်လုပ်မှုအလေ့အကျင့်များသို့ ဦးတည်နေသည်ကိုတွေ့မြင်ရသည်။ ယင်းအတွက် နမူနာတစ်ခုမှာ ရွှေနှုန်းသိုက်တစ်ခုကို ဖုန်းလွှမ်းနေသော ရေကန်ကြီးနှစ်ခုအတွင်းမှ အနည်အနှစ်များ စုပ်ယူခြင်းနှင့် ပြဒါးနှင့်ဆိုင်ယာနိုဒ်အသုံးပြုမှုတို့ကြောင့် ရေထုညစ်ညမ်းမှုဖြစ်စေပြီး ကန်၏လက်ကျန် ငါးများကိုလည်း ဆုံးရှုံးသွားသည်။ မြစ်ချောင်းမဟုတ်ဘဲ ရေကန်ဖြစ်နေကာ ရေကန်များမှသတ္တုတူးဖော် ထုတ်လုပ်မှုအတွက် စည်းမျဉ်းစည်းကမ်းများမရှိသောကြောင့် ရေကန်များမှ ရွှေတူးဖော်ထုတ်ယူခြင်းကို ဟန့်တားရန် အခွင့်အာဏာမရှိကြောင်း ME-2 မှတာဝန်ရှိသူများက ဆိုပါသည်။

- **ခဲမဖြူတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများမှ စွန့်ပစ်သောအနည်များကြောင့် ရေလမ်းကြောင်းများတွင် အနည်အနှစ်များထစေသည်။** နေရာအချို့တွင် အနည်းအနှစ်များကြောင့် ရေလမ်းကြောင်းများကျဉ်မြောင်းသွားခြင်းနှင့် ချောင်းငယ်များ လမ်းကြောင်းပြောင်းလဲစီးဆင်းခြင်းတို့ ဖြစ်ပွားကြောင်း ဒေသခံများက ပြေပြကြသည်။ ထို့အပြင်ဒေသအချို့၌ မြစ်အခြေပြု ရွှေနှန်းသိုက်များတူးဖော်ရန် ရေအောက်ဖောက်ခွဲမှုများသည် မြစ်ကြမ်းပြင်၏နုန်းနှစ်များကို ထပ်တလဲလဲမွှေနှောက်သဖြင့် မြစ်ရေမှာ ရေနေသက်ရှိတို့ရှင်သန်ပေါက်ဖွားရန် မသင့်လျော်တော့ပေ။ ချောင်းငယ်များ ညစ်ပတ်လာကြောင်းဒေသခံများက မှတ်ချက်ပြုကြသည်။ နေရာအချို့တွင် စမ်းချောင်းများအတွင်း ယခင်က ငါးဖမ်းနိုင်ကြသော်လည်း သတ္တုတွင်းမှ စွန့်ပစ်ပစ္စည်းနှင့် အနည်အနှစ်တို့ကြောင့် ငါးလက်ကျန်ကုန်ခမ်းကုန်ပါပြီဟု ရွာသားများကဆိုပါသည်။ အကြီးစားခဲမဖြူ တူးဖော်ထုတ်လုပ်မှုတစ်ခုစတင်လုပ်ငန်းလည်ပတ်၍ တစ်နှစ်အတွင်းတွင် ဖော်ပြပါဖြစ်ရပ်မျိုး ဖြစ်ပွားခဲ့ဖူးသည်။ အကြီးစားရွှေ သတ္တုတွင်းတစ်ခုအနီးတွင်နေထိုင်ကြသောလူတစ်စုကလည်း ကုမ္ပဏီ၏လုပ်ငန်းများကြောင့်  ၎င်းတို့စပါးခင်းရေသွင်းခြင်း၊ ငါးဖမ်းခြင်းနှင့် ခြံမွေးတိရိစ္ဆာန် သောက်ရေတို့အတွက် အသုံးပြုသော ချောင်းငယ်တစ်ခုမှာ လမ်းကြောင်းပြောင်းလဲစီးဆင်းသွားခြင်းတို့ ဖြစ်ပွားကြောင်းပြောဆိုကြပါသည်။ ကုမ္ပဏီက ဤပြဿနာကို နောက်ပိုင်းတွင် တရားသဖြင့်ဆောင်ရွက်ခဲ့သဖြင့် ထိခိုက်မှုကိုအတိုင်းအတာတစ်ရပ်အထိ ပြန်လည်ကုစားနိုင်ခဲ့သည်။ ၎င်းသည်  ထိုနယ်မြေအတွင်းရှိ ရေရရှိမှုကို လျော့နည်းသွားခြင်းမျိုးမရှိသော်လည်း သဘာဝအခြေအနေများကို ရုတ်တရက်ပြောင်းလဲသွားသောကြောင့် စိတ်မချမ်းသာမှုများဖြစ်စေသည်ဟု ဒေသခံပြည်သူများက ပြောကြသည်။ အဆိုပါကုမ္ပဏီအနေဖြင့် နောက်ပိုင်းတွင် ဤပြဿနာများနှင့်ပတ်သက်ပြီးခံစားရသော  နစ်နာမှုအချို့ကို အတိုင်းအတာတစ်ခုအထိ ကုစားပေးနိုင်ခဲ့ပါသည်။

- **ပြည့်စုံလုံလောက်မှုမရှိသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်။** နေရာအချို့တွင်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမှာ ပြဿနာတစ်ရပ်ဖြစ်ကြောင်း တွေ့ရသည်။ အထူးသဖြင့် ရွှေကြောင့် ရွှေ့ပြောင်းသတ္တုတူးဖော်ရေးအလုပ်သမားများ စုပြုံရောက်ရှိလာသောနေရာများတွင် မိလ္လာ၊ ရေဆိုးစနစ်မှာ ပြဿတစ်ရပ်ဖြစ်သည်။ သတ္တုတွင်းလုပ်ငန်းမှ ခွင့်ပြုပေးထားသော အလုပ်သမားတန်းလျားများတွင် လူအများစုမှာ အမှိုက်သိမ်းစနစ်များမရှိကြသဖြင့် ပြည့်စုံလုံလောက်မှုမရှိသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို ဖြစ်ပေါ်စေသည်။ အချို့သော ရပ်ရွာအသိုင်းအဝိုင်းများက မပြည့်စုံမလုံလောက်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအလေ့အကျင့်များသည် ၎င်းတို့၏သောက်ရေကို ဓာတ်ပြုပျက်စီးစေခဲ့သည်ဟု သံသယရှိကြောင်းဆိုပါသည်။ သို့သော် ရေရယူသုံးစွဲရာနေရာများကို စမ်းသပ်စစ်ဆေးမှုမရှိဘဲ ၎င်းအဆိုမှန်ကန်သည် သို့မဟုတ် မည့်သည့်အတိုင်းအတာ အထိမှန်ကန်သည်ကို ၎င်းတို့အနေဖြင့်

452 MCRB ၏ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအရာရှိများနှင့်တွေ့ဆုံမေးမြန်းမှုများ ၊ ၂၀၁၆

အသေအချာ မသိပေ။ ယခင်အသုံးပြုခဲ့သော အများသုံးရေတွင်းများအစား တခြားနည်းလမ်းအဖြစ်ရေသန့်ဗူးများကို ဒေသခံအချို့ ပြောင်းလဲသုံးစွဲကြသည်။ သို့သော် ငွေကြေးမပြည့်စုံသူများမှာ ထိုသို့မရွေးချယ်နိုင်သဖြင့် ဓာတ်ပြုပျက်စီးနေသည်ဟု ထင်ရသောရေကိုပင် ဆက်လက်သောက်သုံးနေရသည်။ အမှိုက်များစုပုံမှုသည် အနယ်အနှစ်များဖြင့် ရေစီးကြောင်းများပိတ်ဆို့ မှုဖြစ်စေသောဖြစ်ရပ်များကို သတ္တုတွင်းတည်ရာနေရာအများအပြားတွင်တွေ့ရသည်။ မုတ်သုန်ရာသီတွင် ရေလမ်းကြောင်းများကျဉ်းမြောင်းမှုသည် အန္တရာယ်အလားအလာကို မြင့်တက်စေပြီး ရေကြီးရေလျှံမှုကို ပိုမိုပြင်းထန်စေသည်။

- **ခြောက်သွေ့ရာသီတွင် အထူးသဖြင့်ပို၍သိသာသော သောက်သုံးရေမလုံလောက်မှုသည် ဓာတ်သတ္တု တူးဖော်ထုတ်လုပ်မှုကြောင့် ပို၍ဆိုးဝါးလာသည်။** ခဲမဖြူနှင့်ရွှေတူးဖော်ထုတ်လုပ်သောကုမ္ပဏီအမျိုးအစား နှစ်မျိုးစလုံးမှာ သတ္တုတူးဖော်ခြင်းနှင့်ဆင့်တက်သန့်စင်ခြင်းတို့အတွက် သောက်သုံးရေနှင့်စိုက်ခင်းရေ သွင်းခြင်းတို့အတွက် အသုံးပြုသောရေရင်းမြစ်တစ်ခုတည်းကိုပင် မကြာခဏမှီခိုနေရသည်ကို ကွင်းဆင်းလေ့လာမှုတွင် တွေ့ရှိရသည်။ ဤအလေ့အကျင့်သည် ခြောက်သွေ့ရာသီ၌ ကုမ္ပဏီများ၊ ရပ်ရွာအသိုင်းအဝိုင်းများ၊ လက်လုပ်လက်စား သတ္တုတူးဖော်သူများအကြားတွင် ရေနှင့်ပတ်သက်သော ပဋိပက္ခများ ကြီးထွားစေကြောင်းသိရသည်။ ရွှေနှင့်ခဲမဖြူတူးဖော်ထုတ်လုပ်မှုနှစ်ခုစလုံးနှင့်စပ်လျဉ်း၍ သောက်သုံးရေမလုံလောက်မှုမှာ ဒေသခံများရင်ဆိုင်နေရသော ရေရှည်ပြဿနာဖြစ်၍ တစ်ခါတစ်ရံ နှစ်ပေါင်းများစွာကြာမြင့်သည်။ သာဓကအားဖြင့် ခဲမဖြူတူးဖော်ထုတ်လုပ်နေသောနယ်မြေတစ်ခုတွင် ပတ်ဝန်းကျင်မှ ရပ်ရွာအသိုင်းအဝိုင်းများသည် စိုက်ပျိုးရေးအတွက်ရေသွင်းခြင်းနှင့် တိရစ္ဆာန်မွေးမြူခြင်းတို့အတွက် ယခင်က ချောင်းရေကို အားကိုးခဲ့ရသည်။ သို့သော် ချောင်းထဲတွင် သတ္တုတူးဖော်ရေးလုပ်ငန်းလုပ်ကိုင်နေသဖြင့် ချောင်းရေမှာ အမှီပြုရန်မဖြစ်နိုင်တော့ဘဲ ဒေသခံလယ်သမားများမှ တောင်ကျစမ်းရေကိုသာ အားထားကြရတော့သည်။ သို့သော်လည်း ပိုမိုအရွယ်အစားကြီးမားသော သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုမှာ ၎င်း၏လုပ်ငန်းများအတွက် ယင်းစမ်းရေကိုသာအသုံးပြုနေရာ ဒေသခံလူထုနှင့် ကုမ္ပဏီမျှဝေသုံးစွဲမှုကြောင့် ခြောက်သွေ့ရာသီ ရေပြတ်လပ်ခြင်းဟူသော ထိခိုက်မှုအကျိုးဆက် ဖြစ်စေသည်။ အကြောင်းရင်းများထဲမှတစ်ခုမှာ ကုမ္ပဏီအများအပြားမှာ ရပ်ရွာအသိုင်းအဝိုင်းကို သောက်ရေထောက်ပံ့ပေးနေကြောင်းတွေ့ရသဖြင့် ၎င်းမှာရေရှားပါးမှုအလားအလာကို သိမြင်နားလည်မှုကို ညွှန်ပြနေသည်။ ကုမ္ပဏီများက လူထုကိုသောက်ရေပေးဝေနေရသော နေရာများတွင် လူထုမှ သောက်ရေနှင့်သုံးရေ လုံလုံလောက်လောက်ရရှိရန် အခွင့်အလမ်းမရှိကြသေးကြောင်း တင်ပြပြောဆိုကြပါသည်။

- **အများပြည်သူနှင့်သက်ဆိုင်သောရေကို အသုံးပြုခြင်းအား ထုတ်ဖော်ပြောကြားရန်နှင့် ရေခွန်ပေးဆောင်ရန် စည်းမျဉ်းစည်းကမ်းများအတိုင်း မလိုက်နာမှု။** အကြီးစားသတ္တုလုပ်ငန်းအချို့သည် ၎င်းတို့အလုပ်များအတွက် ရေရယူသုံးစွဲမှုအား ဒေသအာဏာပိုင်များထံမှခွင့်ပြုချက်ရယူရန် ထုတ်ဖော်ပြောကြားမှု မရှိကြကြောင်း တွေ့ရှိရ၍ ယင်းမှာရေသုံးစွဲမှုအတွက် အခွန်ကောက်ခံခြင်းအား ရှောင်နိုင်ရန်ဖြစ်သည်ဟု ယူဆရသည်။ ဤသည်မှာ ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ထားသော မြန်မာ့သတ္တုတွင်းဥပဒေမှ ရေရယူမှုနှင့် အသုံးပြုမှုအား သက်ဆိုင်ရာပြည်သူ့အာဏာပိုင်အား အကြောင်းကြားရမည်ဟူသော သတ်မှတ်ချက်ကို ဖောက်ဖျက်ခြင်းဖြစ်၍ ရေအသုံးပြုမှုကိုစောင့်ကြပ်စစ်ဆေးရန်နှင့် အုပ်ချုပ်ရန် အစိုးရအာဏာပိုင်များ၏ စွမ်းဆောင်ရည်ကို ရှုပ်ထွေးစေသည်။

## မြေအရည်အသွေး နိမ့်ကျလာခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်။** ပြည့်စုံလုံလောက်သော လူနေမှုအဆင့်အတန်းရရှိခွင့်၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်း ကျန်းမာရေးအမြင့်ဆုံးထိန်းသိမ်းထားနိုင်သော စံနှုန်းများ ရရှိခွင့်။

- **မြေလွှာတိုက်စားခြင်းနှင့်ညစ်ညမ်းမှုကြောင့် နေရာအနှံ့အပြားတွင် စိုက်ပျိုးမြေများအား သိသိသာသာ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်စေသည်။** သွားရောက်လေ့လာခဲ့သော လုပ်ငန်းတည်နေရာများတွင် သတ္တုတူးဖော်သည့်လုပ်

ငန်းများကြောင့် စိုက်ပျိုးမြေပျက်စီးမှုဖြစ်စေသော သာဓကများရှိနေသည်။ လုပ်ငန်းတည်ရာတစ်နေရာတွင် လယ်သမားတစ်ဦးသည် ၎င်း၏စိုက်ပျိုးမြေတစ်ပိုင်းအား တရားမဝင်သတ္တုတူးဖော်သော လုပ်ငန်းငယ်တစ်ခုကို အငှားချထားခဲ့သည်။ ယင်းသတ္တုတွင်းငယ် ပိတ်သိမ်းပြီးသောအခါ ထိုမြေတွင် သံပုရာပင်များ ပြန်လည်စိုက်ပျိုးရန် ကြိုးပမ်းခဲ့သည်။ သို့သော် မြေဆီလွှာမှာ ရေတိုက်စားခြင်းခံခဲ့ရပြီး မည်သည့်အပင်မျှ စိုက်ပျိုး၍မရနိုင်တော့ကြောင်း မြေပိုင်ရှင်မှပြောပြခဲ့သည်။ စွန့်ပစ်ကျောက်နှင့် မြေစာပုံများကြောင့် မြေပြိုနိုင်သည့် အန္တရာယ်အလားအလာနှင့် လက်လုပ်လက်စားသတ္တုတူးဖော် ထုတ်လုပ်သည့်နေရာများတွင် ဟင်းလင်းပွင့်တူးထားသောသတ္တုတွင်းကြီးများ ဘေးချင်းကပ်လျက် အစုအဝေးလိုက် ရှိခြင်းများသည် ပိုမိုဆိုးရွားလာကြောင်း ဒေသခံများ၏ တင်ပြချက်ကို စုပေါင်းထိခိုက်မှုများအဖြစ် လေ့လာတွေ့ရှိရသည်။ ထိုသို့သော အကြောင်းရင်းများမှာ မုတ်သုန်ရာသီတွင် မိုးသည်းထန်စွာရွာသွန်းမှုများ၊ မြေငလျင်နှင့်တုန်ခါမှုများ ပုံမှန်ဖြစ်ပွားမှုတို့ကြောင့် ပိုမိုဆိုးရွားလာသည်ဟု သိရှိရသည်။

- **အပေါ်ယံမြေဆီလွှာ စီမံခန့်ခွဲမှု။** အပေါ်ယံမြေဆီလွှာထိခိုက်မှုများတွင် မြေကျစ်ခြင်း၊ မြေသားဖွဲ့ စည်းပုံဆုံးရှုံးခြင်း၊ အာဟာရဓာတ်များဆုတ်ယုတ်ပျက်စီးခြင်းနှင့် မြေဆီလွှာတွင်ဓာတ်ဆားများ ပါဝင်ကြ၍ ၎င်းတို့အားလုံးသည် မြေသား၏မြေဩဇာကြွယ်ဝမှုကို လျော့နည်းစေသည်။ သီးနှံနှင့်မြေတို့ကို ထိခိုက်ပျက်စီးမှုများနှင့်တကွ ရေကန်များ ထိခိုက်ပျက်စီးမှုဖြစ်စေခဲ့သော အပေါ်ယံမြေဆီလွှာဖယ်ရှားမှုကို လုပ်ငန်းခွင်အချို့တွင် တွေ့ရသည်။ မြေသားကိုဖယ်ရှားပြီး စိုက်ပျိုးမြေများပေါ်တွင် စုပုံလိုက်သောအခါ အနာဂတ်တွင် သီးနှံစိုက်ပျိုးရန် မသင့်လျော်တော့ပေ။ အကြီးစား ရွှေတူးဖော်ထုတ်လုပ်သောကုမ္ပဏီတစ်ခုတည်းသာ အပေါ်ယံမြေလွှာကို ရေဖျန်းခြင်းနှင့် ပြုပြင်စီမံခြင်းပြုလုပ်သည်ကို ကွင်းဆင်းလေ့လာမှုအဖွဲ့က တွေ့ရသည်။ သို့သော် ဆောင်ရွက်ချက်၏ ထိရောက်မှုကိုမူ မသိရပေ။ ရွှေတူးဖော်ထုတ်လုပ်သောဒေသတစ်ခုမှ မြို့နယ်အဆင့် သစ်တောဦးစီးဌာန၏ပြောကြားချက်အရ သတ္တုတွင်းကုမ္ပဏီများသည် မြေကိုပြန်လည်ထူထောင်သင့်၍ သစ်ပင်များပြန်လည်စိုက်ပျိုးသင့်သော်လည်း ကုမ္ပဏီအများစုမှာ ညွှန်ကြားချက်ကို မလိုက်နာကြောင်းသိရသည်။
- **ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှုအတွက် မြေအငှားချသည့်ကာလတိုတောင်းခြင်းသည် ရေရှည်အကျိုး အမြတ်မဖြစ်သော ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း အလေ့အကျင့်များကိုဦးတည်စေသည်။** ဒေသတစ်ခုတွင် အသေးစား ရွှေတူးဖော်ထုတ်လုပ်မှုခွင့်ပြုမိန့်များအား ဧက ၂၀ အကျယ်ရှိသောမြေတွင် တစ်နှစ်လုပ်ကိုင်ခွင့်ဖြင့်ထုတ်ပေးခဲ့ကြောင်း တွေ့ရသည်။ ဤတွင်ခွင့်ပြုမိန့်ရသော အသေးစားသတ္တုတူးဖော်သူများက မြေအကျယ်အဝန်းမှာ ခွင့်ပြုထားသောအချိန်အတွင်း ၎င်းတို့ ထိထိရောက်ရောက်အသုံးချ နိုင်သည်ထက် ကျယ်ဝန်းနေကြောင်း ဆိုပါသည်။ ခွင့်ပြုကာလတိုတောင်း၍ ခွင့်ပြုကာလနှင့်နှိုင်းစာလျှင် ကျယ်ဝန်းသော မြေကွက်များခွင့်ပြုခံရသော ကုမ္ပဏီများ၏ အဆိုအရ ယင်းသို့ခွင့်ပြုခြင်းမှာ မြေကွက်တစ်ကွက်လုံးပေါ်တွင် ဓာတ်သတ္တုရှာဖွေမှုဖြစ်စေလျက် လုပ်ကွက်တစ်ခုလုံးတွင်ရှိသည့် မြေဆီလွှာကိုပျက်စီးစေသည် ဟုသိရသည်။ အချို့ဒေသများမှ အသေးစားရွှေတူးဖော်ထုတ်လုပ်မှုကုမ္ပဏီများအဆိုအရ ဓာတ်သတ္တုစမ်း သပ်တိုင်းတာသည့် အချက်အလက်များမရှိခြင်းသည် ကုမ္ပဏီငယ်လေးများ ဓာတ်သတ္တုကို ထိထိရောက်ရောက် ထုတ်ယူနိုင်ရန်ခက်ခဲစေ၍ သတ္တုသိုက်၏အရွယ်အစား၊ ပုံသဏ္ဍာန်၊ တည်နေရာတို့နှင့် ပတ်သက်သောအချက်အလက်များကြိုတင်ရရှိနိုင်ပါက ထိခိုက်မှုရှိနိုင်သောမြေပမာဏထက် ပိုမိုကျယ်ဝန်းသော မြေပမာဏအပေါ် ဆိုးရွားစွာ ပိုမိုထိခိုက်စေသည်ဟု သိရသည်။

## ဆူညံသံနှင့် တုန်ခါမှု

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်။** ရုပ်ပိုင်းနှင့်စိတ်ပိုင်းကျန်းမာရေး အမြင့်ဆုံးထိန်းသိမ်းထားနိုင်သော စံနှုန်းရရှိခွင့်။

- **ဖောက်ခွဲမှုနှင့် ယန္တယားများအသုံးပြုမှုကြောင့်ဖြစ်သော ဆူညံမှုနှင့်တုန်ခါမှု။** သွားရောက်လေ့လာခဲ့သော အသေးစားသတ္တုတွင်းလုပ်ငန်းခွင်တိုင်းနီးပါးတွင် စက်ယန္တယားကြီးများကို တရားဝင်သတ်မှတ်ချက်များထက် ပို၍သုံးစွဲနေကြောင်း MCRB ကွင်းဆင်းလေ့လာမှုအဖွဲ့က မျက်မြင်တွေ့ရှိခဲ့သည် သို့မဟုတ် သံသယဖြစ်ခဲ့သည်။ မြေတူးခြင်း၊ ဖောက်ခွဲခြင်းနှင့်ကြိတ်ခွဲခြင်းလုပ်ငန်းများမှ ဆူညံသံတို့အပြင် များစွာသုံးစွဲလာသော ယာဉ်အသွားအလာများနှင့် ယာဉ်ကြီးများ ကုန်တင်ကုန်ချပြုလုပ်ခြင်းတို့မှဆူညံသံများကို ဆိုးရွားသောထိခိုက်မှုများအဖြစ် လူမှုအသိုင်းအဝိုင်းများက သာဓကများအဖြစ်ဖော်ညွှန်းကြသည်။ လုပ်ငန်းတည်ရာနေရာအချို့တွင် လူထုမှာ မြေပေါ် သို့မဟုတ် မြေအောက်ဖောက်ခွဲမှုများအတွက် ကြိုတင်သတိပေးမှုမရှိခြင်း သို့မဟုတ် ဖောက်ခွဲမှုအတွက် အချိန်ဇယားကိုကုမ္ပဏီမှ ကပ်ထားခြင်းမရှိဟု ဆိုသည်။ သတ္တုတွင်းမှ ဖောက်ခွဲမှုကြောင့် ၎င်းတို့၏အိမ်များ ပြိုနိုင်ကြောင်း ကျေးရွာသားများက ပြောပြကြသည်။

## သစ်တော အရင်းအမြစ်များ ဆုတ်ယုတ်ပျက်ဆီးခြင်းနှင့်ယုတ်လျော့လာခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်။** ပြည့်စုံလုံလောက်သောလူနေမှုအဆင့်အတန်းရရှိခွင့်။

- **သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများအတွက် သစ်တောများရှင်းလင်းခြင်းသည် သစ်တောဖုံး လွှမ်းမှုဆုံးရှုံးခြင်းအတွက် အကြောင်းအရင်းဖြစ်စေသည်။** သွားရောက်လေ့လာခဲ့သော လုပ်ငန်းခွင်တည်ရာနေရာများတွင် သစ်တောဖြုန်းတီးခြင်းသည် သတ္တုတွင်းနှင့်ဆင့်တက်သန့်စင်ခြင်း ဆောင်ရွက်မှုမြေနေရာများအတွက် သစ်တောရှင်းလင်းခြင်းနှင့် ဆက်လက်ထိန်းသိမ်းထားရန်မဖြစ်နိုင်ခြင်းနှင့် တစ်ခါတရံ စီမံကိန်းအတွက်အသုံးပြုရန် တရားမဝင်သစ်ထုတ်လုပ်မှုတို့ကြောင့် ဖြစ်စေသည်ဟုသိရှိရသည်။ သတ္တုတူးဖော်သောကုမ္ပဏီတစ်ခု၏ခန့်မှန်းချက်အရ ၎င်းတို့သတ္တုကုမ္ပဏီများ အကောင်အထည်ဖော်ဆောင်ရွက်နေသော နေရာများတွင် ၇၀%သော သစ်တောခြုံလွှမ်းမှုသည် ဆုံးရှုံးခံထားရပြီးဖြစ်ကြောင်းပြောသည်။ အခြားနယ်မြေတွင် သတ္တုဆင့်တက်သန့်စင်မှုလုပ်ငန်းများအတွက် လောင်စာပြုလုပ်ရန် သစ်အကြီးအကျယ် ထုတ်လုပ်မှုနှင့်ဆက်စပ်သော သစ်တောဆုတ်ယုတ်ပျက်စီးမှုသည် ဒေသ၏ တိုင်းရင်းဆေးဖက်ဝင်အပင်များ ရယူနိုင်ခွင့်အား နည်းပါး သွားစေခဲ့ကြောင်းတွေ့ရှိရသည်။ မြေအောက်ဒေါင်လိုက်တူးသောသတ္တုတွင်းများတည်ဆောက်ရန် သစ်ခုတ်ထွင်မှုသည် သတ္တုအကြီးအကျယ်တူးဖော်သည့် နယ်မြေများတွင် သစ်တောပြုန်းတီးမှုဖြစ်စေသော အကြောင်းအရင်းများထဲမှ တစ်ခုဖြစ်ကြောင်း လူမှုအသိုင်းအဝိုင်းများက တင်ပြကြသည်။ ထို့အပြင် ရွှေဆင့်တက်သန့်စင်ရန်အတွက်သော်လည်းကောင်း ဘိလပ်မြေထုတ်လုပ်ရန်အတွက်သော်လည်းကောင်း ထုံးကျောက်များမီးရှို့ခြင်းသည် သစ်တောမှသစ်များကို အမြောက်အများကုန်ဆုံးစေကြောင်းတွေ့ရသည်။ များသောအားဖြင့် တရားမဝင် ပုံစံမျိုးဖြစ်ကြသည်။ စွမ်းအင်ထုတ်ယူသုံးစွဲရန်အတွက် ကျောက်မီးသွေးအား လိုင်စင်မရှိသောရောင်းချသူများမှ ဝယ်ယူခြင်းနှင့် အကြီးစားသတ္တုလုပ်ငန်းများအနေဖြင့် စွမ်းအင်သုံးစွဲမှုနှင့်ပတ်သက်ပြီး အခြားစည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်နေကြောင်း တွေ့ရှိရသည်။ ရပ်ရွာအသိုင်းအဝိုင်းများက လောင်စာနှင့်မီးသွေးအတွက် သစ်ခုတ်မှုကိုပုပန်မှုများရှိကြောင်း ဖော်ပြကြပြီး၊ သစ်တောများမှာလည်း အလျင်အမြန်နှုန်းထားဖြင့် ကျဆင်းလာခဲ့ပါသည်။ MCRB ကွင်းဆင်းလေ့လာမှုအဖွဲ့များ သွားရောက်လေ့လာခဲ့သော ရပ်ရွာအသိုင်းအဝိုင်းများစွာတွင် ချက်ပြုတ်ရန်လောင်စာ၊ အမဲလိုက်ကွင်းများ၊ ဆေးဘက်ဝင်အပင်များနှင့် ဆေးပေါ့လိပ်ကဲ့သို့သော သောက်သုံးရန်နှင့်ရောင်းချရန် ထုတ်ကုန်များအတွက် သွင်းအားစုစသည်တို့မှာ သစ်တောကပေးသော ဂေဟစနစ်ဝန်ဆောင်မှုများနှင့် အကျိုးကျေးဇူးများဖြစ်သည်။ လောင်စာရင်းမြစ်များနှင့် ဆေးဘက်ဝင်အပင်များ အပါအဝင်

ဂေဟာစနစ်ဝန်ဆောင်မှု အမျိုးအစားအချို့ရရှိနိုင်မှုနှင့် ရယူနိုင်ခွင့်တို့မှာ လျော့နည်းသို့မဟုတ် ကွယ်ပျောက်ခဲ့ပြီး ဖြစ်သည်ဟု လူမှုအသိုင်းအဝိုင်းမှပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းမှုများအရ သိမှတ်ရသည်။

- **ရွှေဆင့်တက်သန့်စင်မှုအတွက် ထုံးမှုန့်ထုတ်လုပ်မှုမှာ ထင်းများအမြောက်အများလိုအပ်သဖြင့် သစ်တောပြုန်းတီးမှု၏ အကြောင်းရင်းတစ်ခုဖြစ်သည်။** ဒေသတစ်ခုတွင် အကြီးစားရွှေမိုင်းတစ်ခုအတွက် ထုံးများသွင်းနေသော လုပ်ငန်းတစ်ခုမှာ ၁၉၉၁ ခုနှစ်ကတည်းက တရားမဝင်လုပ်ကိုင်ခဲ့သည်။ ယခင် သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးပိုင်ဆိုင်သည့် ယင်းလုပ်ငန်းကို မြို့နယ်သစ်တော ဦးစီးဌာနမှခွင့်ပြုချက်ဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုံးကျောက်ထုတ်ယူမှုနှင့် ထင်းခုတ်ယူခွင့်များ တစ်ပေါင်းတစ်စည်းတည်းခွင့်ပြုခဲ့သည်။ ထုံးဖိုကြီး ၅ ဖိုဖြင့် လုပ်ကိုင်လျက်ပိုင်ရှင်မှာ တစ်နှစ်လျှင် ထုံးတန်ချိန် ၂၀၀ ထုတ်ယူလျက် ထင်းတန်ချိန် ၅၀၀ ခုတ်လှဲသည်ဟု သိရှိရသည်။ လုပ်ငန်းပိုင်ရှင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခွင့်ပြုခပေးခဲ့ရသည်ဟုဆို၏။ MRCB က ပမာဏများကို အတိအကျ မစိစစ်နိုင်ခဲ့ပါ။ ပိုင်ရှင်မှာ သတ္တုတွင်းဦးစီးဌာနမှ အထက်တန်းအရာရှိကြီးတစ်ဦးနှင့် အရမ်းရင်းနှီးသောဆက်ဆံရေးရှိ၍ ၎င်းအရာရှိမှာ စံသတ်မှတ်ထားသော ခွင့်ပြုချက်များမရှိဘဲ လုပ်ငန်းများဆက်လက်လည်ပတ်ခြင်းရှိမရှိ ဆက်သွယ်မေးမြန်းလေ့ရှိကာ ဆက်လက်လုပ်ကိုင်နိုင်စေရန် ကူညီသည်ဟုသိရှိရသည်။ ထုံးဖိုကြီးများအတွက် လောင်စာ ထင်းများအလုံအလောက် ရရှိရန်မှာ အတော်ခက်ခဲနေပြီဖြစ်ပြီး လာမည့် ၂ နှစ်အတွင်း ဒေသတွင်း သစ်တောပြုန်းတီးမှုကြောင့် ၎င်း၏ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်တော့မည်မဟုတ်ဟု  မျှော်လင့်ရကြောင်း ပိုင်ရှင်ကဆိုသည်။

- **မကြာသေးမီက အကြီးစားစက်မှုတွင်းတွက် တူးဖော်သူများသည် သစ်တောရှင်းလင်းမှုများနှင့် စပ်လျဉ်း၍ ကြီးမားသော ခြေရာအရင်းအမြစ် တစ်ခုဖြစ်သည်။** တွေ့ဆုံမေးမြန်းခံခဲ့ရသည့် ပုဂ္ဂိုလ်များ၏အဆိုအရ လက်လုပ်လက်စား သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ အနှံ့အပြားရှိခဲ့သော်လည်း သစ်တောထိခိုက်ပျက်စီးမှုများမှာ အကြီးစားလုပ်ငန်းကြီးများကြောင့်ဖြစ်ပွားသော သစ်တောထိခိုက်ပျက်စီးမှုများသည် အသေးစားသတ္တုလုပ်ငန်းများကြောင့် ဖြစ်ပွားသော သစ်တောထိခိုက်ပျက်စီးမှုများထက် ပိုမိုသက်ရောက်မှုများရှိပါသည်။  စစ်တပ်လက်အောက်ခံကုမ္ပဏီများတွင် ပိုမိုဆိုးရွားသော ပတ်ဝန်းကျင်ထိခိုက်မှုများရှိသည်ဟု လူထုနှင့် အရပ်ဖက်အဖွဲ့အစည်းများက ဆိုပါသည်။ MCRB၏တွေ့ဆုံမေးမြန်မှုများအရ ဤကုမ္ပဏီများသည် အငြိမ်း စားစစ်တပ်ဝန်ထမ်းများကိုသာ အလုပ်ခန့်ထား၍ ၎င်းတို့မှာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုပညာ အလွန်နည်းပါးကြသဖြင့် လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမှာ ပိုမိုဆိုးရွားသွားသည်။

- **သစ်တောဦးစီးဌာနမှ ကြီးကြပ်ခြင်းမရှိသောကြောင့် သစ်တောဥပဒေချိုးဖောက်မှုများ စစ်ဆေးနိုင်ခြင်းမရှိပါ။** သတ္တုတူးဖော် ထုတ်လုပ်ခွင့်တားမြစ်ထားသော သစ်တောမြေပေါ်တွင် သတ္တုတွင်းခွင့်ပြုမိန့်များပေးအပ်ထားသည်ကို လေ့လာတွေ့ရှိရသည်။ သာဓကအနေဖြင့်ပြရလျှင် သိပ်သည်းသော သို့မဟုတ် သက်တမ်းရင့်သော သစ်တောအား သစ်တောဦးစီးဌာန၏ သစ်တောကြိုးဝိုင်းအဖြစ်မှ ဖယ်ထုတ်ရန် သစ်တောဦးစီးဌာနကပင် သစ်တောဖုံးလွှမ်းမှုကို မမှန်မကန် အစီရင်ခံခဲ့သည်။ အခြားနေရာတွင် သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းတည်နေရာမှ သစ်ပင်ကြီးများအား တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကြောင့် ထိခိုက်ပျက်ဆီးစေခဲ့သော်လည်း သစ်တောဦးစီးဌာနက ဒဏ်ငွေ မတပ်ခဲ့သည်မှာ အဂတိလိုက်စားမှုကြောင့်ဟု သိရှိရသည်။ တခြားဒေသတွင် တရားမဝင်သတ္တုတူးဖော်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်စေရန် မြို့နယ်အဆင့် သစ်တောဦးစီးဌာနမှ အရာရှိများအား လာဘ်ပေးခဲ့သည်ဟု ရွာသားများကဆိုပါသည်။ ခဲမဖြူတူးဖော်ထုတ်လုပ်နေသည့် ဒေသတွင် သတ္တုတူးဖော်ထုတ်လုပ်နေသည့်မြေသည် သတ္တုတွင်းဦးစီးဌာန၏ စီရင်ပိုင်ခွင့်အောက်တွင်ရှိသဖြင့် သစ်တောဦးစီးဌာနသည် သစ်တောပြုန်းတီးမှုနှင့်ပတ်သက်၍ တစ်လုံးတပါဒမျှမသိရှိကြောင်း ၎င်းတို့မှ MCRB ၏ ကွင်းဆင်းလေ့လာမှုအဖွဲ့ကိုပြောပြခဲ့သည်။ မြေပြန်လည်တည်ထောင်ရေးအတွက် ကုမ္ပဏီများကို ကူညီပံ့ပိုးရန် သစ်တောဦးစီးဌာန၏ကြိုးပမ်းမှုမည်မျှထိရောက်သည်မှာလည်း မသေချာပေ။ခုတ်ထွင်းရှင်းလင်းထားသောမြေ နေရာများတွင် သစ်ပင်များပြန်လည်စိုက်ပျိုးရေးကိုအားပေးရန် မြို့နယ်အဆင့် သစ်တောဦးစီးဌာနမှ မျိုးစေ့များနှင့်အပင်

များကို ရရှိခဲ့သည်ဟု ကုမ္ပဏီအချို့က ဆိုပါသည်။ အချို့ကုမ္ပဏီများသည် ၎င်းတို့ကိုယ်ပိုင် ဆုံးဖြတ်ချက်ဖြင့် စိုက်ပျိုးထားသောသစ်ပင်များကို ခုတ်လှဲရန်နှင့်ထင်းအဖြစ်အသုံးပြုရန် အခွင့်အာဏာရရှိထားသည်ဟုဆိုသည်။ အချို့ဖြစ်ရပ်များတွင် ကုမ္ပဏီများသည် မျိုးစေ့များကို မူအရ အခကြေးငွေပေး ဆောင်စရာမလိုဘဲ ရကြသည်ဟု ယူဆရ၍ အခြားကုမ္ပဏီများကမူ ၎င်းတို့မှာ မြို့နယ်သစ်တောဦးစီးဌာနနှင့် ထူးခြားသောဆက်ဆံရေးရှိသဖြင့် မျိုးစေ့များ အလကားရကြသည်ဟု ဆိုပါသည်။

## လုပ်ငန်းခွင်နေရာပြန်လည်ထူထောင်ရေးနှင့် သတ္တုတွင်းပိတ်သိမ်းမှု

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်။** ပြည့်စုံလုံလောက်သော လူနေမှုအဆင့်အတန်းရရှိခွင့်၊ မြေအိမ်ယာ အဆောက်အအုံရရှိခွင့်။

- **ကုမ္ပဏီများလုပ်ငန်းခွင်နေရာ ပြန်လည်ထူထောင်ရေးနှင့် သတ္တုတွင်းပိတ်သိမ်းမှုအစီအမံများ သို့မဟုတ် အလေ့အကျင့်များစီစဉ်ထားရှိမှုမရှိခြင်း။** သွားရောက်လေ့လာခဲ့သော မည်သည့်သတ္တုတွင်းလုပ်ငန်းခွင်မျှ သတ္တုတွင်းပိတ်သိမ်းမှုအတွက် ပြန်လည်ထူထောင်ရေးအစီအမံများ စီစဉ်ထားရှိမှုမရှိပါ။ ဓာတ်သတ္တု တူးဖော်သည့်လုပ်ငန်းများအတွက် အသုံးပြုခြင်းမရှိတော့သည့် လုပ်ကွက်များအပေါ် မှမြေကိုစနစ်တကျ ပြန်လည်တည်ထောင်သည့် မည်သည့်ပြုရပ်မျိုးကိုမျှ ကွင်းဆင်းလေ့လာမှုတွင်မတွေ့ရပါ။ ၎င်းတွင် အပေါ် ယံမြေလွှာဖယ်ရှားခံထားရသော ပြန်လည်ထူထောင်ပေးရမည့်နေရာများအဖြစ် ပါဝင်ပါသည်။ သတ္တုလုပ်ငန်းတစ်ခုတွင် သတ္တုတူးဖော်ရေး လုပ်ငန်းများအတွက် ကျယ်ဝန်းသောမြေနေရာများအား အပေါ် ယံမြေလွှာ ဖယ်ရှားခြင်းခံခဲ့ရသည်။ ထိုမြေနေရာများအား ကုမ္ပဏီကပိုင်ဆိုင်ကြောင်း မြေစာရင်းဦးစီးဌာနထံမှ သိရှိရသည်။ သို့သော် ဤအချက်ကို ဒေသခံ ပြည်သူများ မသိရှိကြပါ။
- **သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ပြီးစီးပြီးနောက် အစုအဖွဲ့ပိုင်မြေယာများ မြေယာပြန်လည်ဖော်ထုတ်ခြင်းအတွက် မရှင်းလင်းသော အစီအမံများ။** သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများပြီးစီးပြီးနောက် အစုအဖွဲ့များ၏ မြေယာပြန်လည်ဖော်ထုတ်ခြင်းနှင့်ပတ်သက်၍ စနစ်ကျနစွာဖွဲ့စည်းထားသော အစီအမံ သို့မဟုတ် အလေ့အကျင့်များအား ကွင်းဆင်းလေ့လာစဉ် မတွေ့ခဲ့ရပါ။ သတ္တုတွင်းတည်ရှိရာတစ်နေရာတွင် ကုမ္ပဏီ အတွက်ခွင့်ပြုထားသောမြေအား ခွင့်ပြုသည့်အချိန်မှ ပထမငါးနှစ်အတွင်း အသုံးမပြုလျှင် ကျေးရွာသားများက ပြန်လည်တောင်းခံခွင့်ရှိကြောင်း ဒေသခံနိုင်ငံရေးသမားတစ်ဦးက ရွာသားများအား အသိပေးခဲ့သည်မှာ သာဓက တစ်ရပ်ဖြစ်သည်။ နောက်ပိုင်းတွင် ရွာသားများက ၎င်းတို့၏မြေယာဟောင်းများသို့ သစ်ပင်ခုတ်လှဲမှုပြုလုပ်ရန် ထိုမြေနေရာသို့ ဝင်ရောက်ကြသောအခါ ကျူးကျော်မှုဖြင့် တရားစွဲဆိုခံကြရသည်။
- **လက်လုပ်လက်စား သတ္တုတူးဖော်သည့်နေရာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မရှိခြင်း။** လက်လုပ်လက်စား သတ္တုတူးဖော်ထုတ်လုပ်သည့်နေရာများတွင် ပြန်လည်ထူထောင်ပေးမှုပျက်ကွက်ခြင်းသည် ထူးခြားသောပြဿနာတစ်ရပ်အဖြစ် တင်ပြထားပါသည်။ သတ္တုတွင်းပိတ်သိမ်းပြီးနောက်ပိုင်းတွင် သတ္တုလုပ်ငန်း တည်ရာနေရာ ပြန်လည်တည်ထောင်ခြင်းသည် တရားဝင်ခွင့်ပြုထားသော ကုမ္ပဏီများအတွက်သတ်မှတ်ချက် ဖြစ်သော်လည်း တရားမဝင်ကဏ္ဍတွင်မူ ထိုကဲ့သို့ ပြန်လည်ထူထောင်ပေးမှုများသတ်မှတ်ထားခြင်းမရှိဘဲ မြေ၏ ထုတ်လုပ်နိုင်စွမ်းဆုံးရှုံးမှု၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှု၊ သစ်တောပြုန်းတီးမှု၊ မြေဆီလွှာတိုက်စားခြင်း၊ လမျက်နှာ ပြင်ကဲ့သို့ ချိုင့်ခွက်ကြီးများဖြစ်ပေါ်ခြင်းနှင့် ဆက်တိုက်ဖြစ်နေသော ညစ်ညမ်းမှုတို့ကဲ့သို့သော ရလာဒ်များစွာ ရှိပါသည်။

## (ဂ)   နိုင်ငံတကာ စံနှုန်းများ၊ လမ်းညွှန်ချက်များနှင့် ဆောင်ရွက်ချက်များ

**လေးထောင့် ဇယားကွက် ၂၇။ ပတ်ဝန်းကျင်နှင့်ဂေဟစနစ်ဝန်ဆောင်မှုများ နှင့် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်း နှင့် ဆက်စပ်သည့် နိုင်ငံတကာ စံနှုန်းများ၊ လမ်းညွှန်ချက်များ နှင့် ဖော်ဆောင်ရေးများ**

**နိုင်ငံတကာ စံနှုန်းများ**

- ICMM Sustainable Development Framework
- IFC Performance Standards and Guidance Notes:
  - PS 3 – Resource Efficiency and Pollution Prevention
  - PS 6 – Biodiversity Conservation and Sustainable Management of Living Natural Resources
- Minamata Convention on Mercury
- UN Guiding Principles on Business and Human Rights
- UN International Bill of Human Rights and Core Human Rights Instruments
- World Bank:
  - General Environmental, Health and Safety Guidelines
  - Environmental Health and Safety Guidelines for Mining

**လမ်းညွှန်ချက်များ**

- BirdLife/FFI/IUCN/WW, 2014, Joint Briefing Paper on Extraction and Biodiversity in Limestone Areas', Cambridge, UK
- Elaw.org Mining EIA Review Checklist
- ICMM, Health and Safety Critical Control Management: Good Practice Guidance and Critical Control Management Implementation Guide
- ICMM, Health Impact Assessment: Summary of the Good Practice Guidance
- ICMM, Metals Environment Risk Assessment Guidance (MERAG)
- ICMM, Mining and Protected Areas Position Statement
- ICMM, Planning for Integrated Mine Closure: Toolkit
- ICMM, Statement on Climate Change and Principles for Climate Change Policy Design
- ICMM, Water Stewardship Framework
- Myanmar Centre for Responsible Business Briefing Paper on Biodiversity, Business and Human Rights in Myanmar, 2018 and separate Mining annex
- Mining Association of Canada, Tailings Management Assessment Protocol
- UNEP and ICME, International Cyanide Management Code
- UN Global Compact, CEO Water Mandate
- UNECE, Safety Guidelines and Good Practices for Tailings Management Facilities
- UNEP, A Practical Guide: Reducing Mercury Use in Artisanal and Small-scale Gold Mining
- WRI, Ecosystem Services Review for Impact Assessment

**နိုင်ငံတကာဖော်ဆောင်ရေးများ**

- အသေးစားဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှု အလေ့အကျင့်များအား တာဝန်ယူမှုရှိသောဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရေး လက်မှတ်ထုတ်ပေးရန်လုပ်ငန်းစဉ်များအတွက် ပူးပေါင်းလုပ်ဆောင်ခြင်း (Alliance for Responsible Mining Certification Process for ASM Practices)။ ဤဆောင်ရွက်ချက်သည် ပတ်ဝန်းကျင်ထိခိုက်မှုများကိုနည်းပါးစေခြင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းနှင့် နည်းပညာအကူအညီများပေးခြင်းဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှုန်းများ တိုးတက်ကောင်းမွန်စေကာ ပဋိပက္ခ၏ကွင်းဆက်များကို လျှော့ချလျက် လက်လုပ်လက်စား သတ္တုတူးဖော်ထုတ်လုပ်မှု အလေ့အကျင့်စံနှုန်းများကို မြှင့်တင်ရန် ကြိုးပမ်းခြင်းဖြစ်သည်။
- ICMM, IPIECA နှင့် Equator Principles တို့၏ Cross-Sector Biodiversity Initiative။ ဤဆောင်ရွက်ချက်သည် သယံဇာတတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများတို့နှင့်ဆက်စပ်နေသော အလေ့အကျင့်ကောင်းများ ဖွံ့ဖြိုးစေရေးနှင့် မျှဝေရေးတို့အား ရည်ရွယ်ပါသည်။ ဆောင်ရွက်ချက်သည် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများတို့နှင့် ဆက်စပ်နေသော ဆန်းသစ်၍ ပွင့်လင်းမြင်သာသော အထက်အောက်အာဏာလျှော့ပေါ့မှု ကျင့်သုံးရန်ပိုမိုကျယ်ပြန့်သည့် ရည်မှန်းချက်အား အထောက်အကူပြုရန် ဖြစ်သည်။ ဤအလုပ်အတွက် အစီအမံကို နည်းနာများနှင့်လမ်းညွှန်ချက်များနှင့် အသိပညာဖြန့်ဝေခြင်းဟုသော အဓိက အလုပ်ကြီးနှစ်ခုအဖြစ် ပိုင်းခြားနိုင်သည်။
- UNEP ၏ Global Mercury Partnership။ ဤမိတ်ဖက်လုပ်ကိုင်မှု၏ ယေဘုယျ ရည်မှန်းချက်မှာ လူ့ကျန်းမာရေးနှင့် တစ်ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်ကို ပြဒါးနှင့်၎င်း၏ဓာတ်ပေါင်း များထုတ်လုပ်မှုမှကာကွယ်ရန်ဖြစ်သည်။ ဤမိတ်ဖက်လုပ်ငန်းသည် Minamata Convention ကို အချိန်မီလက်မှတ်ထိုးခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့အား အကူအညီပေးရန် ပါဝင်ပတ်သက်သူများနှင့် နီးကပ်စွာပူးပေါင်းလုပ်ကိုင်သည်။